ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နယုန်တန်ခူးလဆန်း ၁၀ ရက်၊ သောကြာနေ့၊ (7-4-2006) (၄၂၂)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း တိုးတက်ပြုပြင်မှု ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ဆွမ်ပရာဘွမ်မြို့နယ် ဒရူးခကျေးရွာ မိုင်တိုင်(၇၃)၌ စက်ယန္တရားများဖြင့် လမ်းချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်မြို့တော် ဧပြီ ၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၄ရက် နံနက် ၄နာရီခွဲတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် မလိခညွှေ့ရိပ်သာမှထွက်ခွာလာရာ နံနက် ၇နာရီတွင် မြစ်ကြီးနားမြို့နယ် တီယန်ဇွပ်ကျေးရွာ မိုင်တိုင် (၅၃)သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မလိခမြစ်နံဘေး တီယန်ဇွတ်ကျေးရွာထိပ်မှ မလိခမြစ်အတွင်း စက်လှေများ ခရီးသည်ပို့ဆောင်နေမှုကို ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီခွဲတွင် ဆွမ်ပရာဘွမ် မြို့နယ် ခတ်ခရားယန်ကျေးရွာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင်တိုင်(၉၄)မိုင် ရှင်းလင်းဆောင်သို့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

နိုင်ငံ့ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျဆောင်ရွက် မိမိဇာတိရပ်ရွာကဲ့သို့ သဘောထားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထားလုပ်ဆောင်

နေပြည်တော်မြို့တော် ဧပြီ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် ဧပြီ ၅ရက် နံနက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်မှူးကြီးအေးလင်းက ရော်ဘာပျိုးခင်းများစိုက်ပျိုးထားမှု၊ ခြံစည်းရိုးကြက်ဆူပင်များပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရော်ဘာပျိုးခင်းများနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးရာ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောင်းပါး အညွှန်း

လက်တွေ့ကျကျတွေး၊ ဖြစ်နိုင်ခြေကိုရွေး

* *အင်န်အယ်လ်ဒီကသာ လက်တွေ့ကျကျ မြော်မြင်သုံးသပ်နိုင်ခဲ့ရင် ၁၉၉၆ခုနှစ်မှာ အမျိုးသားညီလာခံက ထွက်ခဲ့မှာ မဟုတ်ပါဘူး။ မထွက်တဲ့အပြင် အမျိုးသားညီလာခံကြီး ခပ်မြန်မြန်ပြီးစီးရေးကိုတောင် ပန်းတိုင်ထား လုပ်ဆောင်ခဲ့ဦးမှာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာမှ အဲဒီဥပဒေနဲ့အညီ အရပ်သားအစိုးရတစ်ရပ်၊ ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ဒါဟာ ပြည်သူတွေ လိုလားတောင့်တတဲ့ ပန်းတိုင်လည်းဖြစ်ပါတယ်။ ၁၉၉၆ခုနှစ်မှာသာ အမျိုးသားညီလာခံမရပ်နားဘဲ ဆက်လက်ကျင်းပဖြစ်ခဲ့ရင်၊ အင်န်အယ်လ်ဒီက ကဖျက်ယဖျက်မလုပ်ခဲ့ရင် အခုဆို (၁၀) နှစ်ရှိပါပြီ။ အရပ်သားအစိုးရ နှစ်ဆက်လောက်တောင် ရောက်နေလောက်ပါပြီ။*

ချမ်းမြသော်၏ **"လက်တွေ့ကျကျတွေး၊ ဖြစ်နိုင်ခြေကိုရွေး"** ဆောင်းပါး စာမျက်နှာ (၆၊၇)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၇-၄-၂၀၀၆
(သောကြာနေ့)

နိုင်ငံတော်နှင့် ပြည်သူများ၏ ပေါင်းစည်းမှုစေတနာ ကျေးလက်ဒေသများ၌ သောက်သုံးရေ ဖူလုံစွာရရှိ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါများကြွယ်ဝပြီး ရာသီဥတု ညီညွတ်မျှတမှုရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ရာတွင် ပထဝီအနေအထားအရ အချို့သောဒေသများ၌ မိုးနည်းသဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ ရှားပါးမှုများ တွေ့ကြုံခဲ့ကြရသည်။

အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှ အချို့သော ကျေးလက်ပြည်သူများမှာ ရေရှားပါး၍ တစ်ကိုယ်ရေ သန့်ရှင်းမှု မဆောင်ရွက်နိုင်သဖြင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် ရေမသန့်ရှင်းမှုကြောင့် ဖြစ်တတ်သောရောဂါများပင် ဖြစ်ပွားခဲ့ကြရသည်။

ထို့ကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ရေခက်ခဲသော ကျေးရွာများ၌ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို အလေးထား၍ ဆောင်ရွက်လျက်ရှိသည်။ စည်ပင်သာယာရေးဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း အတွင်းရှိ ရေခက်ခဲသောကျေးရွာများနှင့် သန့်ရှင်းသော သောက်သုံးရေ မရရှိသောကျေးရွာပေါင်း ၈၀၄၂ ရွာရှိသည့်အနက် ၇၄၆၈ ရွာတွင် သန့်ရှင်းသော သောက်သုံးရေများ ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ အပူပိုင်းဒေသ တိုင်းသုံးတိုင်း၌ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ကြိုးပမ်းဖော်ဆောင်ခဲ့ရာ စစ်ကိုင်းတိုင်းတွင် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် ၁၂ မြို့နယ်၊ မန္တလေးတိုင်းတွင် ၁၁မြို့နယ် စုစုပေါင်းမြို့နယ် ၃၀၌ မြို့နယ်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေ ရရှိနေပြီဖြစ်သည်။

အလားတူ အခြားသောပြည်နယ်နှင့်တိုင်းများရှိ ကျေးရွာပေါင်း ၇၈၆၈ ရွာတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ ရေရှားပါးခက်ခဲသော ကျေးလက်ဒေသနေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများပူးပေါင်း၍ အလှူဒါန ပြုလျက်ရှိကြသည်မှာ ဝမ်းမြောက်ကြည်နူးဖွယ်ရာပင်ဖြစ်သည်။

တစ်ဖက်မှလည်း အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဆည်မြောင်းတာတမံများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ဒေသအတွင်း သောက်သုံးရေ ဖူလုံစွာရရှိရေးကိုပါ အကျိုးပြုလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း ဆည်တမံ ပေါင်း၁၈၄ ခုကို တည်ဆောက်ပေးထားပြီးဖြစ်ရာ ဒေသအလိုက် သီးနှံတိုးချဲ့စိုက်ပျိုးရေးတွင် ဆည်ရေဖြင့် အကျိုးပြုလျက်ရှိသည်။

ယနေ့ကာလတွင် ကျေးလက်ပြည်သူများ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး လုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် ဒေသခံပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့်အတူ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း အားတက်သရော ပူးပေါင်းပါဝင်ကူညီလျက် ရှိကြသည်။

သို့ဖြစ်ရာ ကျေးလက်ဒေသနေပြည်သူများ၏ စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအပါအဝင် စီးပွားရေးနှင့် လူနေမှုအဆင့် မြင့်မားရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ၏ ပေါင်းစည်းမှုစေတနာဖြင့် မွန်မြတ်သော အလှူဒါန ရလဒ်ကောင်းများ ထာဝစဉ် တိုးပွားဖြစ်ထွန်းနေမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပူပိုင်းဒေသ သစ်တောစိုက်ခင်းစီမံကိန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်စစ်ဆေး

ရန်ကုန် ဧပြီ ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အဖွဲ့သည် ဧပြီ ၂ရက် မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် တုရင်တောင်၌ ကွန်တိုဘန်းဖြင့် အပင်ကြီးများ စိုက်ပျိုးထားရှိမှုကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် မြေသင်းတွင်းကြိုးပြင်ကာကွယ်တော၌ ဂျပန်နိုင်ငံ JICA နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အပူပိုင်းဒေသ သစ်တောစိုက်ခင်းစီမံကိန်းသို့ ရောက်ရှိပြီး ဂျပန်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးရာ စီမံကိန်းအပိုင်း(၂)ရှိ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသည့် စိုက်ခင်းဧက ၄၅၀ကို စစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးက အနီးဝန်းကျင်ရှိ ရွာသားများအား ကျေးရွာလိုက် သစ်ပင်များ စိုက်ပျိုးအောင် စည်းရုံးသွားရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ ဆောင်ရွက်ရန် မှာကြားသည်။

ဧပြီ ၃ရက်တွင် ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံ စက်မှုလုပ်ငန်းဌာန အမှတ်(၁) သစ်ပါး လွှာစက်ရုံသို့ရောက်ရှိရာ စက်ရုံနှင့် အကျိုးတူ ဆောင်ရွက်သည့် Wood Land ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က စက်ရုံအတွင်း ရှင်းလင်းပြသပြီး ဝန်ကြီးက သစ်ပါးလွှာ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ချောင်းဦးမြို့နယ် ရေပိုးစားပျိုးဥယျာဉ်နှင့် စစ်ကိုင်းမြို့ ကောင်းမှုတော် ပျိုးဥယျာဉ်တို့သို့ရောက်ရှိပြီး ခြံစည်းရိုး ကြက်ဆူပင်၊ တမာပင်နှင့် ယူကလစ်ပင်များ မိုးရာသီတွင် စိုက်ပျိုးနိုင်စေရန် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၄ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြန်မာ့သစ်လုပ်ငန်းရုံး၌ မန္တလေးမြို့မှ သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများအား လုပ်ငန်းများကို စေတနာရှိရှိ လာဘ်ပေးလာဘ်ယူကင်းရှင်းစွာ ဆောင်ရွက်ရေး မှာကြားသည်။ (သတင်းစဉ်)

နော်ဝေနိုင်ငံ ဘုရင်ထံ သံအမတ်ကြီးဦးနေဝင်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဧပြီ ၇

နော်ဝေနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ခုနှစ် မတ် ၂၃ရက်တွင် အော်စလိုမြို့၌ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ်ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံ စက်မှုလုပ်ငန်းဌာန အမှတ်(၁) သစ်ပါးလွှာစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဧပြီ ၆

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော်အရှင် ပညာဇောတ (ဓမ္မာစရိယ နယ်လှည့် ဓမ္မကထိက) သည် ဧပြီ ၇ရက်တွင် ပဲခူးတိုင်း သနပ်ပင်မြို့ မင်းရွာဓမ္မသဘင်၊ ဧပြီ ၁၁ရက်တွင် ရန်ကုန်မြို့ ဓမ္မရက္ခိတဖြူးမဟာစည်ရိပ်သာဓမ္မသဘင်၊ ဧပြီ ၁၄ရက်တွင် ရန်ကုန်တိုင်း ခရမ်းမြို့ (၅)ရပ်ကွက် ကြာသပတေးလမ်း ဓမ္မသဘင်၌ ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားပွဲ ပင့်လျှောက်လိုသူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် ဓမ္မရက္ခိတဖြူးမဟာစည်ရိပ်သာ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၈ လိုင်းခွဲ(၁၈၁)သို့ ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်၍ ဟောပြောပို့ချ

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ် (၂၄ နှင့် ၂၅)တို့မှ သင်တန်းသား ၁၃၀အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်၍ ဟောပြောပို့ချသည်။

အလားတူ ဗဟိုအလုပ်အမှုဆောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင်လည်း ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၂)မှ သင်တန်းသား ၁၀၀အား ဟောပြောပို့ချခဲ့သည်။ (သတင်းစဉ်)

တာမွေမြို့နယ် အမက(၂၂)၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို အောင်သီရိခန်းမ၌ မတ် ၂၈ရက်က ကျင်းပရာ စတုတ္ထတန်းကျောင်းသူ မအေးသီရိအောင် အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

ပြင်ဦးလွင်မြို့ ကြူးဇက်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၉ရက် (စနေနေ့)တွင် ပြင်ဦးလွင်မြို့ ပုလဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး ကျောင်းသား၊ ကျောင်းသူဟောင်းများ အမြန်ဆက်သွယ်လှူဒါန်းကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသော ကြူးဇက် ရင်သွေးသားသမီးများ၏ အမှတ်စာရင်း မိတ္တူ၊ ဓာတ်ပုံတို့ကို ဒေါက်တာရဲလင်းထက် ဖုန်း- ၀၈၅၂၁၆၂၅၊ ဒေါ်ကြည်ကြည်ဝင်း(ရွှေကျီး)ဖုန်း-၀၂၈၈၅၇၃၊ ဦးဝင်းနိုင် Salin-ဒေါ်ဆွေဆွေသန်း (နားကြားကိရိယာရောင်းဝယ်ရေး) ဖုန်း -၀၁-၂၈၇၅၇၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

ကျန်းမာစွမ်းအား ဖွံ့ဖြိုးဖို့ လက်တွဲပါဝင်ဆောင်ရွက်စို့

ဒေါက်တာခင်သန်းဦး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ၁၉၄၈ ခုနှစ် ဧပြီလ ၇ ရက်နေ့မှာ စတင်ဖွဲ့စည်း တည်ထောင်ခဲ့ပါတယ်။ ဒါကြောင့် ဧပြီလ ၇ရက်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ထားရှိခဲ့ပြီး တစ်ကမ္ဘာလုံး မှာရှိတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံများမှာ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာလည်း ကမ္ဘာပေါ်မှာ အဓိကကျတဲ့ ကျန်းမာရေးပြဿနာ တစ်ခုခုကို ရွေးချယ်ပြီး ဦးတည်ပညာပေးစည်းရုံးလှုံ့ဆော်မှုများဆောင်ရွက်ပေးပါတယ်။ ကျန်းမာရေးပြဿနာလို့ဆိုတဲ့နေရာမှာလည်း အဖြစ်များတဲ့ရောဂါတစ်ခုခုပဲဖြစ်ဖြစ်၊ စီမံခန့်ခွဲရေးပိုင်း၊ မူဝါဒပိုင်းနဲ့ပတ်သက်တဲ့ ပြဿနာတစ်ခုခုပဲ ဖြစ်ဖြစ် တစ်ကမ္ဘာလုံးရှိ နိုင်ငံများနဲ့သက်ဆိုင်တဲ့ကိစ္စ တစ်ရပ်ရပ်ကို ရွေးချယ်ဆောင်ရွက်လေ့ရှိပါတယ်။ ၂၀၀၆ ခုနှစ်အတွက်တော့ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ ကိစ္စတစ်ရပ်ဖြစ်ပြီး တစ်ကမ္ဘာလုံးရှိ ဒေသအသီးသီးမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကိစ္စတစ်ခုဖြစ်တဲ့ ကျန်းမာရေးလုပ်သားအင်အားပိုင်းဆိုင်ရာ ပြဿနာတစ်ခုကိုဦးတည်ပြီး “Working together for Health” မြန်မာလိုတော့ **“ကျန်းမာစွမ်းအားဖွံ့ဖြိုးဖို့၊ လက်တွဲပါဝင်ဆောင်ရွက်စို့”**ဆိုပြီး ကျန်းမာရေးလုပ်ငန်းများမှာ တာဝန်ယူဆောင်ရွက်နေကြတဲ့ပညာရှင်များရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး ရွေးချယ်သတ်မှတ်ထားခဲ့ပါတယ်။

ဒါကလည်း နိုင်ငံအသီးသီးမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ဆောင်ရွက်ပေးနေကြရာမှာ ကမ္ဘာအရပ်ရပ်က လူသားတွေအားလုံး လူမျိုးဘာသာ အဆင့်အတန်းမရွေး တန်းတူညီမျှ အခွင့်အရေးတွေ ရရှိအောင်ဆောင်ရွက်ပေးနိုင်ဖို့အတွက်နဲ့ အဆင့်မီကျန်းမာရေး စောင့်ရှောက်မှုတွေရရှိဖို့ ဦးတည်ဆောင်ရွက်ကြရာမှာ ကျန်းမာရေးလုပ်သားအင်အားတွေ ပြည့်စုံလုံလောက်စွာ ရှိစေဖို့နဲ့ မိမိတို့လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအတွက် ကျွမ်းကျင်မှုတွေ၊ အတွေ့အကြုံ တွေပြည့်ဝနေစေဖို့ လိုအပ်ပါတယ်။

ကျန်းမာရေးပညာရှင်များလို့ဆိုရာမှာ လူနာတွေကိုပြုစုကုသပေးနေတဲ့ ဆရာဝန်တွေ၊ သမားတော်ကြီးတွေ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ပညာရှင်တွေကိုသာ ဆိုလိုတာမဟုတ်ဘဲ ကျန်းမာရေးလုပ်ငန်း များနဲ့ပတ်သက်ပြီး စီမံခန့်ခွဲရေးလုပ်ငန်းတွေ လုပ်ဆောင်ပေးနေတဲ့သူတွေ၊ ကျန်းမာရေးပညာပေးနေတဲ့သူတွေ၊ ကျန်းမာရေးဘောဂဗေဒ ပညာရှင်တွေ၊ ကျန်းမာရေးလုပ်သားကောင်းတွေ ပေါ်ထွက်လာအောင် သင်ကြားလေ့ကျင့်ပျိုးထောင်ပေးနေတဲ့ သင်တန်းဆရာတွေ၊ ကျန်းမာရေးစောင့် ရှောက်မှုတွေပေးရာမှာ အထောက်အကူပြုနေကြတဲ့ သူနာပြု၊ ဓာတ်ခွဲ၊ ဓာတ်မှန်၊ ဆေးဝါးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေစတဲ့ အထောက်အကူပြုပညာရှင်တွေ၊ ကျန်းမာရေးပညာပေးလုပ်ငန်းတွေ လုပ်နေကြတဲ့သူတွေနဲ့ ဆေးရုံဆေးခန်းတွေ၊ ရုံးတွေမှာ အလုပ်လုပ်နေကြတဲ့ သူတွေအားလုံးဟာ သူ့နေရာနဲ့သူ မရှိမဖြစ် လိုအပ်တဲ့ ကျန်းမာရေးလုပ်သားအင်အားတွေ ဖြစ်ကြပါတယ်။ သူတို့တွေအားလုံးဟာ လူတွေရဲ့အသက်ကို ကယ်တင်နေကြသလို လူတွေကို ရောဂါဘယများက ကင်းဝေးအောင်၊ ကျန်းမာရေးအဆင့်အတန်းတွေ တိုးမြင့်လာအောင် ဆောင်ရွက်ပေးနေကြတဲ့ သူတွေလဲဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ သိပ္ပံပညာတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဆေးဝါးကုသမှုစနစ်တွေ လူတွေရဲ့နေမှုထိုင်မှု ကိစ္စတွေမှာ ပိုမိုတိုးတက်ကောင်းမွန်လာပြီး အသက်ပိုရှည်လာကြပါတယ်။ နေထိုင်သွားလာမှုမှာလည်း သက်သောင့်သက်သာ၊ မပင်မပန်း အလွယ်တကူ လှုပ်ရှားသွားလာနိုင်တဲ့ အခြေအနေတွေ ဖြစ်ပေါ်လာကြတယ်။ အစားအစာ၊ အသုံးအဆောင်စတာတွေလည်း အသစ်အဆန်းတွေပေါ်လာပြီး နောက်ဆုံးပေါ် ဖက်ရှင်သဖွယ် သုံးစွဲလာကြတဲ့အတွက် လူတွေမှာ ရောဂါအသစ်အဆန်းတွေ ဖြစ်ပွားလာပါတယ်။ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုတွေ၊ ကုန်သွယ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူ ကြက်ငှက်တုပ်ကွေးလို ရောဂါမျိုးတွေကလဲ ကမ္ဘာပေါ်မှာ ကပ်ရောဂါအသွင် ဖြစ်ပွားလာမှာကို စိုးရိမ်နေရတဲ့ အခြေအနေမျိုးဖြစ်လာပါတော့တယ်။ ဒါအပြင်ဆူနာမီ ရေလှိုင်းတွေကျရောက်ပြီး လူအမြောက်အမြား သေကျေပျက်စီးကြရတာမျိုးတွေ၊ ငလျင်အကြီးအကျယ်လှုပ်ပြီး လူတွေသေကျေပျက်စီး၊ အိုးအိမ်တွေပျက်စီးဆုံးရှုံး ဒုက္ခရောက်ကြရတာမျိုးတွေ၊ တစ်ဖက်တစ်လမ်းကလည်း ပြည်တွင်းစစ်တွေ ဖြစ်ပွားပြီး လူတွေသေကျေပျက်စီးကြရတာတွေ စတဲ့ သဘာဝဘေးအန္တရာယ်တွေရော၊ လူတွေဖန်တီးလို့ ကြုံတွေ့ကြရတဲ့ အန္တရာယ်တွေဟာ ယနေ့ကမ္ဘာပေါ်မှာ ကြုံတွေ့နေရတဲ့ ပြဿနာတွေ ဖြစ်လာပါတယ်။ဒီလို ကိစ္စတွေကို အချိန်မီနဲ့ အဆင်ပြေပြေ ဆောင်ရွက်ပေးနိုင်ဖို့အတွက် အရည်အချင်းရှိတဲ့ ကျန်းမာရေးလုပ်သားတွေ လုံလုံလောက်လောက် ရှိနေဖို့လိုအပ်ပါတယ်။ ဒါကလဲ အခုလိုအပ်မှ ခုထပြီး စုလို့ရတဲ့ ကိစ္စမဟုတ်ပါဘူး။ ကြိုတင် စီမံခန့်ခွဲပြီး လူအင်အားတွေ လေ့ကျင့်ပေးထားရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားချက်များအရ ကမ္ဘာတစ်ဝန်းလုံးမှာ လက်ရှိကျန်းမာရေးလုပ်သား အင်အားဟာ အမျိုးသားရောအမျိုးသမီးတွေပါ စုပေါင်းလိုက်ရင် ၅၉ သန်းခန့်ရှိပါတယ်။ အဲဒီအထဲက ၃၉ဒသမ၅ သန်းဟာ လူတွေကို ပြုစုကုသပေးနေတဲ့ ဆရာဝန်ဆရာမတွေ ဖြစ်နေကြပြီး ၁၉ဒသမ၅ သန်းကျော်ကတော့ စီမံခန့်ခွဲပေးနေတဲ့သူတွေ၊ အထောက်အကူပြု ပညာရှင်တွေနဲ့ လုပ်သားတွေ ဖြစ်ကြပါတယ်။ တစ်ကမ္ဘာလုံးအနေနဲ့ ဆန်းစစ်ကြည့်မယ်ဆိုရင် ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ သားဖွားဆရာမတွေနဲ့ အထောက်အကူပြု လုပ်သားတွေ လေးသန်းလောက် လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် လုပ်သား အင်အားနဲ့ အလုပ်ရဲ့ဝန်ထုပ်ဝန်ပိုးမမျှတလို့ ပင်ပန်းဆင်းရဲနေတဲ့ ကျန်းမာရေး လုပ်သားများဟာ ကျန်းမာရေး စောင့်ရှောက်မှုတွေပေးရာမှာ စိတ်စေတနာ အပြည့်အဝမထားရှိနိုင်ကြတော့ဘဲ လုပ်ကိုင်စွမ်းရည်တွေလည်း လျော့နည်းလာနေတာဟာ ကမ္ဘာနဲ့အဝန်းတွေ့လာရတဲ့ ပြဿနာကြီးတစ်ခုဖြစ်လာပါတယ်။ လူအများအနေနဲ့လည်း ကျန်းမာရေးစနစ်အပေါ်မှာ ယုံကြည်အားကိုးမှုလျော့နည်းလာစေပါတယ်။

ဒီလိုဖြစ်ပေါ်လာနေတဲ့ ကျန်းမာရေးလုပ်သား အင်အားဆိုင်ရာ အခက်အခဲတွေကို ပြေလည်အောင် ဖြေရှင်းနိုင်တဲ့နည်းလမ်းတွေ ရှိပါတယ်။ ဆက်လက်ပြီးလည်း ပိုမိုကောင်းမွန်တဲ့ နည်းလမ်းသစ်များကို ရှာဖွေဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ထိရောက်စွာ လေ့ကျင့်သင်ကြားပေးနိုင်ရန်နဲ့ စီမံခန့်ခွဲမှုတွေ ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းကောင်းတွေ တီထွင်ဆောင်ရွက်နိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ အစိုးရနဲ့ ပုဂ္ဂလိကအခန်းကဏ္ဍတို့ အကျိုးတူလက်တွဲပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်းဟာလည်း ထိရောက်တဲ့ဖြေရှင်းနည်း တစ်ခုဖြစ်ပါတယ်။ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ မိတ်ဖက်အဖွဲ့အစည်းများဟာ လွန်ခဲ့တဲ့နှစ်များက စတင်ပြီး ကျန်းမာရေးလုပ်သားအင်အားများ ပိုမိုတိုးမြင့်လာစေရန်အတွက် အလေးထားဆောင်ရွက်ရန် စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်စေဖို့အတွက် ယခုနှစ် ကမ္ဘာ့ ကျန်းမာရေးနေ့ဆောင်ပုဒ်အဖြစ်** “Working together for Health” **“ကျန်းမာစွမ်းအားဖွံ့ဖြိုးဖို့၊ လက်တွဲပါဝင်ဆောင်ရွက်စို့”ဆိုပြီး ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။** ဒီဆောင်ပုဒ်နဲ့လှုံ့ဆော်ခြင်းအားဖြင့် မိတ်ဖက်တွေဖြစ်တဲ့မူဝါဒချမှတ်ပေးသူတွေ၊ နိုင်ငံတကာကအလှူရှင်တွေ၊ ကျန်းမာရေးပညာရှင်တွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ တက္ကသိုလ်တွေ၊ ဘာသာရေးအသင်းအဖွဲ့တွေ၊ လူထုဆက်သွယ်ရေး လမ်းကြောင်းတွေက သူတွေဟာ ကျန်းမာရေးလုပ်သား အင်အားတွေ တိုးတက်များပြားလာစေဖို့ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်လာကြလိမ့်မယ်လို့ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျန်းမာရေး လုပ်သားအင်အားတွေ တိုးတက်များပြားလာစေဖို့ ဆောင်ရွက်ရာမှာ လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်သည့်မှအစ လုပ်ငန်းခွင်မှ ထွက်ခွာသည်အထိကို လုပ်ငန်းခွင်ရဲ့ ဘဝဖြစ်စဉ်အဖြစ် သတ်မှတ်ပြီး အဆင့်အလိုက်စီစဉ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခြင်း၊ လက်ရှိအခြေအနေအထိ လုပ်ငန်းခွင်အတွင်း အဆင့်ဆင့်ပြောင်းလဲမှုများနှင့် လုပ်ငန်းခွင်မှအနားယူသွားသည်အထိ အဆင့်အလိုက်စီမံဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ဦးစားပေးလုပ်ငန်းလေးခုခွဲခြားထားပါတယ်။ ပထမလုပ်ငန်းကတော့ ကျန်းမာရေးလုပ်သားအင်အားတွေကို သူလုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်အလိုက် ကျွမ်းကျင်မှုတွေရရှိအောင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပါတယ်။ ဒုတိယလုပ်ငန်းကတော့ လုပ်သားများကို ကာကွယ်စောင့်ရှောက်ခြင်းနဲ့ လိုအပ်တဲ့ ပံ့ပိုးမှုတွေ ပြုလုပ်ပေးခြင်းဖြစ်ပြီး နောက်လုပ်ငန်းတစ်ခုကတော့ လုပ်သားများရဲ့အင်အားကို ထိရောက်စွာအသုံးချ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နောက်ဆုံးလုပ်ငန်းကတော့ ကျန်းမာရေး လုပ်သားအင်အားဆိုင်ရာ တန်းတူညီမျှမရှိမှုတွေ၊ မမျှတမှုတွေမရှိအောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

ပထမဦးစားပေး လုပ်ငန်းတစ်ခုဖြစ်တဲ့ လေ့ကျင့်သင်ကြားပေးဖို့အတွက် ကြိုတင်ပြီး လိုအပ်မယ့်လုပ်သား အင်အားပမာဏနဲ့ လိုအပ်တဲ့ ကျွမ်းကျင်မှုကို တွက်ချက်ပြင်ဆင် စီစဉ်ရပါမယ်။ ဒီလိုစီစဉ် တွက်ချက်ရာမှာလည်း ပုဂ္ဂလိကအခန်းကဏ္ဍရဲ့ ပါဝင်နိုင်မှု အချိုးအဆကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ရမှာ ဖြစ်ပါတယ်။ လူသစ်တွေ ရွေးချယ်ခန့်ထားရာမှာလည်း ကျန်းမာရေးလုပ်သား အင်အားလိုအပ်ချက်အရ အမျိုးသား၊ အမျိုး သမီး၊ လူမျိုး၊ ဘာသာစကားစတဲ့အချက်တွေကို ထည့်သွင်းစဉ်းစားဖို့ လိုမယ်ဆိုရင်လည်း ထည့်သွင်းစဉ်းစား ရမှာဖြစ်ပါတယ်။ လိုအပ်တဲ့ ကျွမ်းကျင်မှုရရှိအောင် လေ့ကျင့်သင်ကြားပေးနိုင်ဖို့အတွက် အရည်အသွေး ပြည့်မီတဲ့ သင်တန်းကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ဘာသာရပ်အလိုက် စနစ်တကျ သင်ကြားပြသပေးနိုင်တဲ့ ဆရာတွေလည်း အလုံအလောက်ရှိဖို့ လိုအပ်ပါတယ်။ အခုအခါ ကမ္ဘာပေါ်မှာ ဆေးကျောင်းပေါင်း ၁၂၀၀၊ ပြည်သူ့ကျန်းမာရေး သင်တန်းကျောင်း ပေါင်း ၃၇၅ ကျောင်း၊ သူနာပြုသင်တန်းကျောင်းပေါင်း ၆၀၀၀ ကျော်ရှိပေမယ့် မွေးထုတ်လိုက်တဲ့ ကျန်းမာရေးလုပ်သား အင်အားတွေဟာ လိုအပ်ချက်ကို မပြည့်မီသေးဘဲ ရှိနေတဲ့အတွက် အိတ်ပေါက်နဲ့ ဖားကောက်သလို ရှိနေတယ်လို့ဆိုပါတယ်။ အစိုးရများအနေနဲ့ သင်တန်းကျောင်းတွေ၊ ဌာနတွေကို စနစ်တကျစစ်ဆေးပြီးမှ လိုင်စင်များထုတ်ပေးခြင်း၊ ပုံမှန်အရည်အသွေးစစ်ဆေးခြင်းများ ပြုလုပ်ခြင်း၊ မှတ်ပုံတင်စေခြင်းများ ပြုလုပ်ပေးခြင်းအားဖြင့် လုပ်ငန်းအရည်အသွေးကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ တက္ကသိုလ်များ၊ သူနာပြုသင်တန်းကျောင်းများဟာ နိုင်ငံတော်အစိုးရရဲ့ စီမံအုပ်ချုပ်မှုနဲ့ ဆောင်ရွက်နေတဲ့ ဌာနများဖြစ်ကြပါတယ်။ ကျန်းမာရေးလုပ်သားအင်အား လိုအပ်ချက်အတွက်လည်း ၂၀၂၀ပြည့်နှစ်အထိ မျှော်မှန်းတွက်ချက်ပြီး လိုအပ်မယ့် လုပ်သားအင်အား အမျိုးအစားအလိုက် နှစ်ရှည် စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ ကျန်းမာရေး မျှော်မှန်းချက်ကို ဖြည့်ဆည်းနိုင်ရန် အတွက် ကျွမ်းကျင်မှုဆိုင်ရာ ပညာရှင်များကို မွေးထုတ်နိုင်ဖို့ ပါရဂူအဆင့်အထိ ဘွဲ့လွန်သင်တန်းအမျိုးမျိုးကို ပြည်တွင်းမှာသာမက ပြည်ပကိုပါ စေလွှတ်လေ့ကျင့်သင်ကြားခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဘွဲ့ကြိုဘွဲ့လွန်သင်တန်းများသာမက အခြားအဆင့်လုပ်ငန်းခွင်အလိုက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအသီးသီးကိုလည်းသင်ကြားပြီး သက်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများကို မွေးထုတ်ခန့်ထားလျက်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ကိုင်ရာမှာ အချို့လုပ်ငန်းများဟာ အထူးကျွမ်းကျင်မှုတွေ မလိုအပ်ပေမယ့် လွှမ်းခြုံမှုကောင်းကောင်းနဲ့ အင်တိုက်အားတိုက် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေလည်း ရှိပါတယ်။ ဥပမာ-ပြည်သူလူထုအတွင်း မှန်ကန်တဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာတွေနဲ့ အလေ့အကျင့် ရရှိစေဖို့အတွက် လုပ်သားအင်အားတွေ အများကြီး လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူလူထုတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် ရရှိစေဖို့အတွက် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးနဲ့ လိုက်လျောညီတွေရှိတဲ့ စေတနာ့ဝန်ထမ်းလူထုကျန်းမာရေး လုပ်သားတွေ၊ အရန်သားဖွားဆရာမတွေကို မွေးထုတ်အသုံးပြုခဲ့တဲ့အတွက် စရိတ်အကုန်အကျနည်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အထောက်အကူဖြစ်စေတဲ့ ကျန်းမာရေးလုပ်သားအရန်အင်အားကို ရရှိခဲ့ပါတယ်။ အခုအခါမှာလည်း လူမှုရေးအသင်းအဖွဲ့များဖြစ်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက် ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း စတဲ့အသင်းအဖွဲ့တွေရဲ့ အင်အားကိုရယူပြီး ကျန်းမာရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိနေပါတယ်။

ဒုတိယဦးစားပေး လုပ်ငန်းတစ်ခုဖြစ်တဲ့ ကျန်းမာရေးလုပ်သားများကို ကာကွယ်စောင့်ရှောက်ခြင်းနဲ့ ပံ့ပိုးကူညီခြင်းလုပ်ငန်းဆောင်ရွက်ရာမှာတော့ လစာငွေများပံ့ပိုးပေးခြင်းအပြင် အခြားဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးခြင်းတို့လည်းပါဝင်ပါတယ်။ ဒါအပြင် ကျန်းမာရေးဝန်ထမ်းများ အသုံးပြုနိုင်ရန် လိုအပ်တဲ့လုပ်ငန်းသုံးပစ္စည်း ကိရိယာတွေဖြည့်ဆည်းပေးခြင်းလည်း ပါဝင်ပါတယ်။ ကျန်းမာရေးလုပ်သားတွေ ကျန်းမာရေးစောင့်ရှောက်မှုကို အရည်အသွေးကောင်းကောင်းနဲ့ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ခွဲစိတ်ခန်းတွေ၊ ဓာတ်မှန် ဘက်ဆိုင်ရာစက်ပစ္စည်းတွေ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းတွေနဲ့ ဆေးတွေစသည်ဖြင့် ပြည့်စုံအောင် ထောက်ပံ့ထားပေးဖို့ လိုအပ်ပါတယ်။ ဝန်ထမ်းများရဲ့ သက်သာချောင်ချိရေးဆိုင်ရာကိစ္စတွေ ဆောင်ရွက်ပေး ခြင်းဖြင့် ဝန်ထမ်းတွေဟာလုပ်ငန်းခွင်မှာ ပျော်ရွှင်တက်ကြွစွာ လုပ်ဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။

နောက်လုပ်ငန်းစဉ်တစ်ခုကတော့ ကျန်းမာရေးလုပ်သားများရဲ့ အင်အားကို ထိရောက်စွာအသုံးချခြင်းဖြစ်ပါတယ်။ ဥပမာ စေတနာ့ဝန်ထမ်းလူထုကျန်းမာရေးလုပ်သားတွေနဲ့ အရန်သားဖွားဆရာမတွေဟာ ၁၉၈၀ပြည့်လွန်နှစ်များက မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဝန်ထမ်းများ လက်လှမ်းမမီရာ ကျေးလက်ပြည်သူများရဲ့ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေမှာ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြပါတယ်။ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းတွေ၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်ရေးလုပ်ငန်းတွေ၊ ကူးစက်ရောဂါများဖြစ်တဲ့ တီဘီရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါတားဆီး ကာကွယ်ရေး လုပ်ငန်းတွေမှာ ကျန်းမာရေးပညာပေးတာတို့၊ ကာကွယ်ဆေးထိုးဆေးတိုက်ဖို့ လူစုပေးတာတို့၊ တီဘီဆေးတိုက်ကျွေးပေးတာတို့၊ အနာကြီး ရောဂါဝေဒနာရှင်တွေရှာဖွေဖော်ထုတ်ညွှန်းပို့တာတို့ကို ဝိုင်းဝန်းဆောင်ရွက် ကြပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက်လည်း ကျွမ်းကျင်မှုတွေ အများကြီးမလိုအပ်သလို သင်တန်းတွေကိုလည်း အချိန်အကြာကြီးပေးဖို့မလိုဘဲ အချိန်တို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုကို တိုးတက်များပြားစေပါတယ်။ ဒါဟာလည်း တစ်နည်းတစ်ဖုံအားဖြင့် ကျန်းမာရေးလုပ်သားအင်အားကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ပါတယ်။ လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်တာဖြစ်လို့ လူထုအတွင်းက ကျန်းမာရေးအတွက် လိုအပ်ချက်များကို ပိုမိုနားလည်ဖြေရှင်းပေးနိုင်လို့ ထိရောက်မှုလည်းရှိလှပါတယ်။

နောက်ဦးစားပေးလုပ်ငန်းတစ်ခုကတော့ ကမ္ဘာပေါ်မှာကျန်းမာရေး လုပ်ငန်း ဆောင်ရွက်မှုများနဲ့ပတ်သက်ပြီး မမျှတမှုတွေ၊ တန်းတူညီမျှမရှိမှုတွေကို လျော့နည်းပပျောက်အောင် ဆောင်ရွက်ရေးဖြစ်ပါတယ်။

ဒါကြောင့် တစ်ကမ္ဘာလုံးရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ တန်းတူညီမျှ ခံစားကြရစေဖို့အတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးက စုပေါင်းဆောင်ရွက်ကြရမှာ ဖြစ်တဲ့အတွက် ကျန်းမာရေးဝန်ထမ်းများနဲ့အတူ လူမှုရေးအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအခန်းကဏ္ဍတွေက ဝိုင်းဝန်း ဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ။

ဂျာမနီနိုင်ငံ ဆက်ဆွန်နီနယ်ရှိ ဂေါလစ်မြို့တွင် ရေဘေးဒုက္ခသည်များအား ကယ်ဆယ်ရေးဆောင်ရွက်နေသည့် တပ်ဖွဲ့များအား ဧပြီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဟန်ဂေရီနိုင်ငံတွင် ဒင်ညူမြစ် ရေလျှံမှုဖြစ်ပွား ရေဘေးကာကွယ်ရေးဆောင်ရွက်ရန် တပ်ဖွဲ့ဝင် ၆၀၀၀ စေလွှတ်

ဘူဒါပက် ဧပြီ ၅

ဟန်ဂေရီနိုင်ငံတွင် ဒင်ညူမြစ် ရေလျှံမှုဖြစ်ပွားသဖြင့် ရေကြောင်းသွားလာရေး ကန့်သတ်ထားကာ ကျောင်းများပိတ်ထားရသည့်အပြင် တနင်္ဂနွေနေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲ မဲရုံများကိုလည်း ရွှေ့ပြောင်းထားရသည်။ ဟန်ဂေရီအစိုးရက ရေဘေးကာကွယ်ရေး လုပ်ရှားမှုပြုလုပ်ရန် တပ်ဖွဲ့ဝင် ၆၀၀၀ ခန့်ကို စေလွှတ်ထားသည်။

ဟန်ဂေရီ၏ ရေလျှံမှု အခြေအနေသည် ဆက်လက်စိုးရိမ်နေရဆဲဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဌာန ဝန်ကြီး မစ်လော့စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဒင်ညူမြစ်၏ မြစ်ရေတက်မှုအခြေအနေသည် ဘူဒါပက်မြို့တွင် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းအထိ ၈ဒသမ၆၀ မီတာရှိနေကြောင်း၊ သို့ရာတွင် ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိရန် အချိန်လိုဦးမည်ဖြစ်ကြောင်း၊ ဒင်ညူမြစ်တွင် နောက်ထပ် ရေတိုးလာနိုင်ကြောင်း ဝန်ကြီးချုပ်ဖီယာနီက ပြောကြားသည်။

ဘူဒါပက်မြို့သည် မြစ်ရေအမြင့် ၁၀ မီတာရောက်သည့်အထိ ဘေးအန္တရာယ် မကျရောက်နိုင်သေးကြောင်း၊ သို့ရာတွင် ဘူဒါပက်မြို့တော်တွင် ရေလျှံမည့်အန္တရာယ်ကြုံနိုင်သည့်အခြေအနေရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေလျှံမှုဖြစ်ပွားသဖြင့် ထိခိုက်ပျက်စီးသည့်ပမာဏသည် ဟန်ဂေရီနိုင်ငံသုံးငွေဖော်ရင့် ၁၀ ဘီလီယံ ကျော်သွားနိုင်သည့်အပြင် အများဆုံး ဘီလီယံ ၃၀ အထိရှိနိုင်ကြောင်း၊ အဓိက ဆည်များမည်သည့်နေရာတွင်မျှ ကျိုးပေါက်ခြင်းမရှိသေးကြောင်း ၎င်းကပြောကြားသည်။

ဒင်ညူမြစ်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် သင်္ဘောများမှလွဲ၍ အခြားမည်သည့်သင်္ဘောများကိုမှ သွားလာခွင့် မပေးဘဲထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်းဒေသတွင် မိုးကြိုးပစ်သဖြင့် လူခြောက်ဦး သေဆုံး

ဒါကာ ဧပြီ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်းတွင် အင်္ဂါနေ့က မိုးရွာစဉ် မိုးကြိုးပစ်သည့်ဖြစ်ရပ်နှစ်ခု ပေါ်ပေါက်ခဲ့ရာ စုစုပေါင်း လူခြောက်ဦးသေဆုံးခဲ့ပြီးအခြားလူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဘရာမန်ဘာရီယာခရိုင်တွင် အင်္ဂါနေ့မွန်းလွဲပိုင်းက မိုးရွာနေစဉ် မိုးကြိုးပစ်သဖြင့် သက်ကြီးရွယ်အို တစ်ဦးအပါအဝင် လူသုံးဦးသေဆုံးပြီး အခြားလူသုံးဦးဒဏ်ရာရရှိခဲ့သည်ဟု ပုဂ္ဂလိကယူအင်ဘီသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှားနိုင်ငံတွင် ဆေးလိပ်သောက်မှုကို ကန့်သတ်မည်

ဂျကာတာ ဧပြီ ၅

အင်ဒိုနီးရှားအစိုးရက ကန့်သတ်ဒေသများတွင် ဆေးလိပ်သောက်ပါက ပထမစမ်းသပ်ကာလအတွင်း နှုတ်ဖြင့်သတိပေးမည်ဖြစ်ပြီး စမ်းသပ်ကာလရက်သတ္တပတ်အများအပြား ဆက်လက်ပြုလုပ်ပြီးနောက် ဆေးလိပ်သောက်မှုကို စတင်ပိတ်ပင်တော့မည်ဖြစ်သည်။

ဈေးဆိုင်ကြီးများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ လေဆိပ်၊ ရထားဘူတာ၊ ကားဂိတ်၊ ရုံးများ၊ ကျောင်း၊ ကစားကွင်း၊ ဆေးရုံ၊ ဝတ်ပြုရာနေရာများနှင့် ဆက်သွယ်ရေးယာဉ်များ အပါအဝင်ကန့်သတ်နယ်မြေများတွင်ဆေးလိပ်သောက်သူများကို ဖမ်းဆီးရန်အတွက် ပြည်နယ်အစိုးရကအထူးအရာရှိ ၄၀၀၀ ခန့်ကို ဖြန့်ကြက်ထားမည်ဖြစ်သည်။

ယင်းကန့်သတ်ချက်ကို ချိုးဖောက်ပါက ရူပြားတစ်သိန်း (အမေရိကန် ၁၀ ဒေါ်လာခန့်) ဒဏ်တပ်ခံရမည်။ ဒဏ်ငွေပေးဆောင်ရန် ငြင်းဆိုပါက စိစစ်ရေးကတ်ပြား အသိမ်းခံရမည်ဖြစ်သည်။

ဒေသန္တရအာဏာပိုင်က ထုတ်ပြန်သည့် ဥပဒေအရ ဂျကာတာမြို့တော်ရှိ အဆောက်အအုံများတွင်လေစုပ်ပန်ကာများတပ်ဆင်ထားသည့်အထူးကန့်သတ်နေရာများ ဖန်တီးပေးရမည်ဖြစ်သည်။ ယင်းဥပဒေချိုးဖောက်ပါက အများဆုံး ထောင်ခြောက်လ အပြစ်ပေးခံရမည်ဖြစ်ပြီး ရူပြားသန်း ၅၀ ဒဏ်တပ်မည်ဟု ဂျကာတာ ဥပဒေစိုးမိုးရေးရုံး အကြီးအကဲ ဟာရီယန်တိုကပြောကြားသည်။

အဆောက်အအုံပြင်ပ၊ လူသွားစင်္ကြံ၊ မော်တော်ယာဉ် ရပ်နားစခန်းတို့တွင် ဆေးလိပ်ပြာခွက်နှင့် လေစုပ်ပန်ကာများထားရှိသည့် နေရာများတွင်သာ ဆေးလိပ်သောက်နိုင်ရန် ခွင့်ပြုမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တာမီဖလူးဆေး ဘင်္ဂလားဒေ့ရှ်တင်ပို့မည်

ဒါကာ ဧပြီ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကုမ္ပဏီ တစ်ခုက ကိုယ်ပိုင်ပုံစံဖြင့် ထုတ်လုပ်သည့် တာမီဖလူးဆေးကို ပြည်ပသို့ တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း ရိုက်တာ သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။ ဆွစ်ဇာလန်နိုင်ငံ ရိုချီဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်သည့် တာမီဖလူးဆေးသည် အိပ်ချ်-၅ အင်န်-၁ ကြက်ငှက်တုပ်ကွေး ရောဂါအတွက် အသုံးပြုသည့် ဆေးဖြစ်သည်။

ဘင်္ဂလေးဒေ့ရှ်နိုင်ငံ၏ ဆေးဝါးထုတ်လုပ်ရေး ဦးဆောင်ကုမ္ပဏီဖြစ်သည့် ဘီဇင်ကို ဆေးဝါးထုတ်လုပ်ရေး လီမိတက်(ဘီပီအယ်လ်)က ယင်း၏ ကိုယ်ပိုင်ပုံစံဖြင့် ထုတ်လုပ်ထားသည့် တာမီဖလူးဆေးကို ပြည်ပသို့ တင်ပို့မည်ဖြစ်ကြောင်း၊ ဆေးဝါးအမည်ကို အိုဆီဖလူးဟုခေါ်တွင်စေမည်ဖြစ်ကြောင်း ကုမ္ပဏီမှ အထက်တန်း တာဝန်ရှိသူ တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

မိမိတို့ကုမ္ပဏီက ဆေးတောင့် ၅၀၀၀ကို ထုတ်လုပ်ပြီးဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့ရန် လာမည့်နှစ်လအတွင်း ဆေးတောင့် ၂၀၀၀၀၀ကို ထပ်မံထုတ်လုပ်မည်ဖြစ်ကြောင်း ဘီပီအယ်လ်၏ အမှုဆောင်အရာရှိချုပ် နာဇမူဟာဆန်က ပြောကြားသည်။

အိုဆီဖလူးကို ပြည်တွင်းဈေးကွက်တွင်လည်း လိုအပ်ပါက စတင်ဖြန့်ချိပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပမှ သုံးစွဲသူများအတွက် ဆေး တစ်တောင့်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဒေါ်လာ ဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

လွတ်လပ်သည့် အရှေ့အာရှ ကုန်သွယ်ရေးဇုန် တည်ဆောက်ရန် ဂျပန်လိုလား

တိုကျို ဧပြီ ၅

အရှေ့တောင်အာရှဒေသ၊ တရုတ်၊အိန္ဒိယနှင့်ဩစတြေးလျနိုင်ငံတို့ ပါဝင်သည့်နယ်မြေတွင် လွတ်လပ်သော အရှေ့အာရှ ကုန်သွယ်ရေးဇုန်တည်ထောင်ရန် ဂျပန်ကုန်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် လိုလားကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။ ဒေသဆိုင်ရာ စီးပွားရေး ပေါင်းစည်းနိုင်ရေးအတွက် ဂျပန်က နောက်ထပ်တွန်းအားပေးလိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏နောက်တွင် မကျန်ရစ်စေရန် ဆန္ဒရှိနေသည့် ဂျပန်နိုင်ငံက လွတ်လပ်သည့် စီးပွားရေးဇုန်နှင့် စပ်လျဉ်းသည့် သဘောတူညီချက်များရရှိရန် မကြာမီကာလအတွင်းက တစိုက်မတ်မတ် အရှိန်မြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ သို့ရာတွင် ဂျပန်က ယင်း၏ စိုက်ပျိုးရေးလုပ်ငန်းကို ကာကွယ်ရန် ဆန္ဒရှိနေမှုကြောင့် ညှိနှိုင်းဆွေးနွေးရာတွင် မကြာခဏအရှုပ်အထွေးများဖြင့် ရင်ဆိုင်ရလေ့ရှိပြီး တိုးတက်မှုမှာ နှေးကွေးသည့်အခြေသို့ ဆိုက်ရောက်လျက်ရှိဟုဆိုသည်။

ဂျပန်၊ ၁၀ နိုင်ငံပါဝင်သည့်အာဆီယံအဖွဲ့၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့်နယူးဇီလန်တို့ပါဝင်သည့် ၁၆ နိုင်ငံပါကုန်သွယ်ရေးဇုန် တည်ထောင်ရန်အတွက် အပူတပြင်း တိုက်တွန်းနှိုးဆော်ထားသည့် အစီအစဉ်တစ်ရပ်ကို ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန(အမ်အီးတီအိုင်)က မကြာမီထုတ်ပြန် ကြေညာဖွယ်ရှိသည်ဟု တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲများကို ၂၀၁၀ ပြည့်နှစ်တွင် အပြီးသတ်ပြုလုပ်ရန် လိုလားနေသည်ဟု အမ်အီးတီအိုင်မှ ဒုတိယညွှန်ကြားရေးမှူး တာဘီရှီဖူဂျီမိုတိုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်နိုင်ငံ တိုကျိုမြို့ ဝန်းကျင်ဒေသတွင် ဒီဂျစ်တယ်ရုပ်သံဖမ်းယူနိုင်သော လက်ကိုင်ဖုန်းများအတွက် စမ်းသပ်ထုတ်လွှင့်နေသည်ကို ဧပြီ ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ အန်ဟူဒေသတွင် ပြုလုပ်သော မိုင်းတွင်းကယ်ဆယ်ရေးလုပ်ငန်းပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာသို့ ခရီးသွားဧည့်သည်ပိုမိုလာရောက်

ကိုလံဘို ဧပြီ ၅

သီရိလင်္ကာနိုင်ငံသို့ ၂၀၀၆ ခုနှစ် ပထမနှစ်လတွင် ကမ္ဘာ့လှည့်ခရီးသည် ၁၀၄၉၁၈ ဦး လာရောက်ပြီး ၂၀၀၅ ခုနှစ်တွင် ၇၄၈၃၄ ဦးနှင့် ၂၀၀၄ ခုနှစ်တွင် ၉၃၅၃၄ ဦး ရောက်ရှိခဲ့သည်ဟု တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ဒေးလီးနယူးသတင်းစာက မတ် ၄ ရက်တွင် ဖော်ပြခဲ့သည်။

ကနဦးခရီးသွားလာရေး ဈေးကွက်စာရင်းအင်းများအရ အိန္ဒိယနိုင်ငံမှ လာရောက်သူ အများဆုံးဖြစ်ပြီး ၂၁ ရာခိုင်နှုန်းရှိကြောင်း၊ ဒုတိယအများဆုံး လာရောက်သောနိုင်ငံသည် ဗြိတိန်နိုင်ငံနှင့် တတိယအများဆုံး လာရောက်သောနိုင်ငံသည် ဂျာမနီနိုင်ငံတို့ဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံတွင် ခရီးသွားဧည့်သည်ဈေးကွက်အသစ်အဖြစ် ဝင်ရောက်လာသော နိုင်ငံများမှာ တရုတ်၊ ရုရှားနှင့် အရှေ့ အလယ်ပိုင်းဒေသတို့ဖြစ်သည်။

တရုတ်နိုင်ငံမှ လာရောက်သော ဧည့်သည်သည် ယခုနှစ် ပထမနှစ်လတွင် ၃၂၅၁ ဦးရှိပြီး ၂၀၀၅ ခုနှစ်တွင် ၇၆၅ ဦး ရောက်ရှိခဲ့သည်။

တရုတ်နိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ တိုက်ရိုက်လေကြောင်းလိုင်း ရှိသည့်အတွက် တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည်များပြားလာရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနိုင်ငံတွင် အထူးစီးပွားရေးဇုန်များ ထူထောင်ပြီး ရင်းနှီးမြှုပ်နှံမှုမြင့်မားစေရန် ဖော်ဆောင်မည်

မော်စကို ဧပြီ ၅

ရုရှားနိုင်ငံတွင် ပထမဆုံးသော အထူးစီးပွားရေးဇုန်များ တည်ထောင်ရန်အတွက် ရုရှားအစိုးရက ရူဘယ် ၇၈ဒသမ၈ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ဒသမ၈ဘီလီယံ)အသုံးပြုရန် လျာထားမည်ဖြစ်ကြောင်း ရုရှား ဘဏ္ဍာရေးဝန်ကြီး အလက်ဇီကူဒရင်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ရင်းနှီးမြှုပ်နှံမှုငွေပမာဏမှ စက်မှုထုတ်ကုန် စီးပွားရေးဇုန်များ တည်ဆောက်ရန်အတွက် ရူဘယ် ၂၃ဒသမ၁ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၈၀၀) သုံးမည်ဖြစ်ပြီး နည်းပညာအဆင့်မြင့်တင်ရေးဇုန်များ တည်ထောင်ရန်အတွက် ရူဘယ် ၅၅ဒသမ၇ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ဘီလီယံ)ခန့် အသုံးပြုမည်ဖြစ်ကြောင်း ကူဒရင်ကညီလာခံတွင် ပြောကြားသည်။

ဖွင့်လှစ်

တိုမက်စ်၊ ဇီလီနိုဂရက်နှင့် စိန့်ပီတာစဘတ်မြို့များတွင် ပထမဆုံးအကြိမ်အဖြစ် ယခုနှစ်အတွင်း စတင်တည်ထောင်မည်ဖြစ်ပြီး ကျန်ဇုန်သုံးခုကို နောက်ပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ကောင်းမွန်

ယင်းစီးပွားရေးဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားပြီး အဆိုပါ စီးပွားရေးဇုန်များက ပထမဆုံးအဆင့်အနေဖြင့် ပြည်တွင်းစီးပွားရေး ကောင်းမွန်စေရန် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဟု ဆက်လက်ပြောကြားသည်။

လျော့နည်း

ရုရှားအစိုးရက အဆိုပါ စီးပွားရေးဇုန်များ၏ လုပ်ပိုင်ခွင့်များတွင်ဝင်ရောက်စွက်ဖက်မှု လျော့နည်းစေရန်ဆောင်ရွက်မည်ဖြစ်ပြီး ယင်းဇုန်များချောမွေ့စွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် အုပ်ချုပ်ရေးစည်းကမ်းများနှင့် အခွန်အကောက်ဆိုင်ရာများ ချမှတ်လုပ်ဆောင်သွားမည်ဟု ရုရှားသမ္မတပူတင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သြစတြေးလျနိုင်ငံရေပြင်တွင် ဝင်ရောက်၍ ငါးခိုးဖမ်းသူများကို ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီးနေသည်ကို ဧပြီ ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်-အိုမန်ကုန်သွယ်ရေးနှင့် ကာကွယ်ရေး ပိုမိုတိုးချဲ့လုပ်ကိုင်မည်

အစ္စလမ္မာဘတ် ဧပြီ ၅

ပါကစ္စတန်နှင့် အိုမန်နိုင်ငံတို့သည် ကုန်သွယ်ရေးလုပ်ငန်း အမျိုးမျိုးနှင့် ကာကွယ်ရေးလုပ်ငန်းတို့တွင် ပိုမိုတိုးချဲ့လုပ်ကိုင်ရန် ဧပြီ ၃ရက်တွင် သဘောတူညီခဲ့ကြသည်ဟု ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ကရာရှဒ်မာမွတ်ကာဆူရီနှင့် အိုမန် နိုင်ငံခြားရေးဝန်ကြီး ယူဆွတ်ဘင်အာလာဝီဘင်အဗ္ဗဒူလာတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အဓိကဆိပ်ကမ်းဒေသ ဖြစ်သော ဂွာဒါဒေသ၌ ကုန်လှောင်ရုံများ တည်ဆောက်ရန် ပါကစ္စတန်နိုင်ငံက အိုမန်နိုင်ငံသို့ ဖိတ်ကြားခဲ့သည်ဟု ကာဆူရီက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေး ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာ အဆောက်အအုံများကို အိုမန်နိုင်ငံမှ သုံးစွဲရန် ၎င်းက ပြောဆိုခဲ့သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ပိုမိုခိုင်မာစွာ ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူတစ်ဦးနှင့်တစ်ဦး ဆက်ဆံမှုပြုလုပ်နိုင်ရန်အတွက် အစ္စလမ္မာဘတ်မြို့သို့ ဂေါ့ဖ်လေကြောင်းလိုင်း၏ ပျံသန်းမှုကို စီစဉ်နိုင်သည့်အတွက် ကျေနပ်အားရမိကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အိုမန်နိုင်ငံအတွက် ဂွာဒါဒေသ အစီအစဉ်ကို ဦးစားပေးဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ဂွာဒါဒေသ ဖွံ့ဖြိုးမှုလုပ်ငန်း ဆောင်ရွက်ရာ၌ အမေရိကန် ဒေါ်လာသန်း ၁၀၀ကုန်ကျမည်ဟု အိုမန်နိုင်ငံက ကြေညာထားကြောင်း ၎င်းက ပြောကြားခဲ့သည်။ ထိုဂွာဒါစီမံကိန်း ပြီးစီးရန် အမေရိကန်ဒေါ်လာ သန်း ၂၀သုံးစွဲခဲ့ပြီးနောက် ကျန်စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ကို ဆက်လက်သုံးစွဲသွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ တိုင်းရင်းဆေးဆိုင်တစ်ဆိုင်ကို ဧပြီ ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မလေးရှားအရှေ့ပိုင်း၌ မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်

ကွာလာလမ်ပူ ဧပြီ ၅

မလေးရှားနိုင်ငံအရှေ့ပိုင်း၌ လက်၊ ခြေနှင့် ပါးစပ်တွင် ဖြစ်ပွားသောရောဂါ (အိပ်ချ်အက်ဖ်အမ်ဒီ) ဖြစ်ပွားမှုကြောင့် မူလတန်းကျောင်းနှင့် နေ့ကလေးထိန်းကျောင်းများကို တစ်လနီးပါးပိတ်ထားခဲ့ရာမှ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဧပြီ ၄ရက်တွင် ဖော်ပြခဲ့သည်။

မူလတန်းကျောင်းနှင့် နေ့ကလေးထိန်းကျောင်းများကို ဧပြီ ၃ရက်တွင် ပြန်လည် ဖွင့်လှစ်ခဲ့သည်။ ထိုကလေးများ ကျန်းမာရေးလုံခြုံမှုရှိစေရန် အိပ်ချ်အက်ဖ်အမ်ဒီရောဂါ ဖြစ်ပွားမှုကို စောင့်ကြည့်ရန် ဆာရာဝတ်ပြည်နယ် အာဏာပိုင်အဖွဲ့က ရောဂါထောက်လှမ်းရေးအဖွဲ့များကို စေလွှတ်မည်ဖြစ်သည်ဟု ပြည်နယ် ဒုတိယအကြီးအကဲ ဂျော့ချန်က ပြောကြားခဲ့သည်။

အိပ်ချ်အက်ဖ်အမ်ဒီရောဂါ ဖြစ်ပွားမှုနှစ်မှုထက်ကျော်လွန်လာပါကမည်သည့် မူလတန်းကျောင်းသို့မဟုတ် နေ့ကလေးထိန်းကျောင်းတို့ကိုမဆို တရားဝင်ပိတ်မည်ဟု ချန်က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါမှအဝတ်အထည် တင်ပို့မှုကျဆင်း

ခတ္တမန္ဒူ ဧပြီ ၅

အမေရိကန်နိုင်ငံသို့ နီပေါနိုင်ငံမှ အသင့်ဝတ်ရန် ချုပ်လုပ်ထားသည့် အဝတ်အထည်တင်ပို့မှုမှာ ၂၀၀၆ ခုနှစ် မတ်လတွင် ၁၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း နီပေါနိုင်ငံ အဝတ်အထည်ထုတ်လုပ်သူများအသင်း (ဂျီအေအင်)က အင်္ဂါနေ့တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံသို့ နီပေါနိုင်ငံမှ အသင့်ဝတ်ရန် ချုပ်လုပ်ထားသည့် အဝတ်အထည် တင်ပို့မှုတန်ဖိုးမှာ ယခုနှစ်မတ်လတွင် အမေရိကန်ဒေါ်လာ ၅ဒသမ၄၂သန်းရှိကြောင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ဂျီအေအင်အေက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

ယမန်နှစ် မတ်လတွင် အမေရိကန်ဒေါ်လာ ၆ဒသမ၂၄သန်းတန်ဖိုးရှိ အဝတ်အထည်များကို နီပေါ နိုင်ငံက အမေရိကန်နိုင်ငံသို့ တင်ပို့ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးကာကွယ်ရေးအတွက် မှောင်ခိုသွင်းသည့်ကြက်ငှက်များကို ဖျက်ဆီးမည်

ဟနွိုင်း ဧပြီ ၅

မှောင်ခိုသွင်းယူလာသော ကြက်ငှက်များအားလုံးကို ဗီယက်နမ်နိုင်ငံက ဖျက်ဆီးမည်ဖြစ်ကြောင်း၊ ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် သတ်ဖြတ်ပစ်သော ကြက်ငှက်များအတွက် ပိုင်ရှင်များနှင့် ကုန်သည်များကို လျော်ကြေးများပေးမည်မဟုတ်ကြောင်း ဒေသဆိုင်ရာ ပိုင်အိုးနီးယားသတင်းစာက ဧပြီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကြက်ငှက်တုပ်ကွေး ဖြစ်ပွားခဲ့သော အိမ်နီးချင်းနိုင်ငံများမှ ကြက်ငှက်ထုတ်ကုန်များနှင့် မှောင်ခိုသွင်းလာသော ကြက်ငှက်များကို ရှင်းလင်းပစ်ရန် မြောက်ပိုင်းနှင့် တောင်ပိုင်းမြို့များနှင့် ပြည်နယ် ၁၄ ခုရှိ သက်ဆိုင်ရာအဖွဲ့များက ပူးပေါင်းဆောင်ရွက်ကြမည်ဟု ဒုတိယဝန်ကြီးချုပ် ဖမ်ဂီယာခိုင်က မကြာသေးမီက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို စောင့်ကြည့်ရန်၊ ရောဂါပိုးမွှားကင်းစင်ရေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးနှံခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရန် ဒေသဆိုင်ရာနှင့် ဝန်ကြီးဌာနများသို့ အစောပိုင်းက အစိုးရက အမိန့်ထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သောသုံးလက ဗီယက်နမ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု မတွေ့ရတော့သည့်အတွက် အချို့ဒေသများတွင် ထိုရောဂါကာကွယ်ရေးလှုပ်ရှားမှုဆောင်ရွက်ချက်များ လျော့ပါးသွားခဲ့ကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဗီယက်နမ်နိုင်ငံ ဆိပ်ကမ်းတွင် ပြည်ပ တင်ပို့မည့် ဆန်များ တင်ဆောင် နေသည်ကို ဧပြီ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်တွေ့ကျကျတွေး၊ ဖြစ်နိုင်ခြေကိုရွေး

ချမ်းမြသော်

ဥပဒေအရ အုပ်ချုပ်သော အစိုးရ၊ လက်တွေ့အုပ်ချုပ်သော အစိုးရဆိုတဲ့ အသုံးအနှုန်းတွေထက် လက်ရှိ တပ်မတော်အစိုးရဟာ နိုင်ငံတကာနှင့် အိမ်နီးချင်းတွေအားလုံးက အသိအမှတ်ပြုထားရတဲ့ တရားဝင်အစိုးရ တစ်ရပ်ဆိုတာက ပိုပြီးလက်တွေ့ဆန်ပါတယ်။

(၁၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နှစ်စဉ်လုပ်နေကြအတိုင်း အင်န်အယ်လ်ဒီက သူတို့ရွှေဂုံတိုင်ရုံးမှာ လုပ်ပါတယ်။ ပြီးတော့ ထုံးစံအတိုင်း သတင်းထုတ်ပြန်ချက်တွေ၊ ဘာတွေ ဖတ်ကြ၊ ဝေကြပါတယ်။ ဒီနှစ်ပြည်ထောင်စုနေ့မှာ သူတို့က အထူးကြေညာချက်ရှိတယ်ဆိုလို့ ဧည့်သည့်တွေကလဲ စိတ်ဝင်တစား ရှိကြပါတယ်။ **အဲဒီအထဲမှာ စိတ်ဝင်တစား အရှိဆုံးသူတွေကတော့ သူတို့ပွဲလုပ်တဲ့ အောက်ထပ် အခန်းက ရှေ့ဆုံးဘယ်ဘက်အခြမ်းမှာ ထိုင်နေကြတဲ့ သံတမန်တော်ကြီးတွေပါပဲ။ အဲဒီသံတမန်တွေထဲမှာ အင်န်အယ်လ်ဒီပွဲပဲတက်ပြီး နိုင်ငံတော်ပွဲကို ရှောင်ကြတဲ့ သံရုံးကြီးတချို့က ပုဂ္ဂိုလ်တွေလည်း တွေ့ရတယ်ခင်ဗျ။**

ဒီနေရာမှာ ပြောစရာတစ်ခုပေါ်လာပါတယ်။ **အဲဒီသံတမန်တွေဟာ နိုင်ငံတော်က အသိအမှတ်ပြုပြီးမှ မြန်မာနိုင်ငံမှာ တရားဝင် တာဝန်ထမ်းဆောင်ခွင့်ရကြတာပါ။ သတင်းစာတွေထဲမှာ အမြဲလိုလိုပါတဲ့သတင်းတွေကို ဖတ်ဖူးကြမှာပါ။ ဘယ်နိုင်ငံက ဘယ်သံအမတ်ကိုဖြင့် မြန်မာနိုင်ငံမှာ ခန့်အပ်ဖို့ မြန်မာနိုင်ငံအစိုးရက သဘောတူလိုက်ပြီဆိုတဲ့သတင်းတွေ၊ ဘယ်သံအမတ်ကြီးကဖြင့် သူ့ရဲ့သံအမတ်ခန့်အပ်လွှာကို နိုင်ငံတော် အကြီးအကဲထံ ပေးအပ်တယ်ဆိုတဲ့ သတင်းတွေပါ။**

ဒီသတင်းတွေကို လေ့လာကြည့်တဲ့အခါ ရှင်းလင်းနေတဲ့အချက်နှစ်ချက်ကို တွေ့ရပါတယ်။ နံပါတ်တစ်အချက်က သံတမန်တွေဟာ သက်ဆိုင်ရာနိုင်ငံအစိုးရရဲ့ တရားဝင်ခွင့်ပြုချက်နဲ့ လာရောက်တာဝန်ထမ်းဆောင်ကြတယ်။ နံပါတ်နှစ်အချက်အနေနဲ့ ဒီအစိုးရကို တရားဝင် အသိအမှတ်ပြုတဲ့အတွက် ခန့်အပ်လွှာပေးအပ်တဲ့ သံတမန်ကျင့်ဝတ်ထုံးစံအတိုင်း လိုက်နာလုပ်ဆောင်ကြတယ်။ **အဲသလိုမျိုး အသိအမှတ်ပြုလက်ခံထားကြလို့ လာရောက်တာဝန်ထမ်းဆောင်ကြတဲ့သူတွေဟာ အဲဒီအစိုးရရဲ့ ပွဲတွေကိုရှောင်ပြီး အစိုးရကို အမြဲတမ်း ထော်လော်ကန့်လန့်လုပ်နေတတ်တဲ့ အဖွဲ့အစည်းတွေရဲ့ပွဲကို ပြုံးပြုံးကြီး၊ ပြောင်ပြောင်ကြီး လာရောက်ချီးမြှင့်ကြတယ်ဆိုကတည်းက သူတို့ဟာ သံတမန်ပါရာဇီကကျနေကြပြီလားဆိုတာ မေးစရာမလိုအောင် ရှင်းလှပါတယ်။ ပြီးတော့ သူတို့ ဘာကိုလိုလားတယ်၊ ဘာကို မွေးနေတယ်ဆိုတာလဲ ယထာဘူတကျကျ သုံးသပ်ကြည့်လိုက်ရင် သိသာထင်ရှားပေါ်လွင်နေပါတယ်။**

ထားပါတော့။ ဒါက ကြုံတုန်း အမြင်မတော်တာလေးတစ်ခု တင်ပြတာပါ။ အင်န်အယ်လ်ဒီက အထူးကြေညာချက်ကို အခမ်းအနားထဲမှာ ဝေပါတယ်။ တစ်ဦးကတော့ သိပ်လည်းထူးမှာ မဟုတ်ပါဘူးကွာ။ တစ်ခါလာလဲ ရွေးကောက်ပွဲရလဒ် အသိအမှတ်ပြုဖို့တို့၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ခြွင်းချက်မရှိ လွှတ်ပေးဖို့တို့၊ ပြီးတော့ ဒိုင်ယာလော့ခ်လုပ်ဖို့ ဒါတွေပဲ နေမှာပါလို့ ဝေဖန်သံကိုလည်း ကြားလိုက်ရပါတယ်။

စိတ်မပါ့တပါ့နဲ့ သူတို့ရဲ့ အထူးကြေညာချက်ကို ဖတ်ဖြစ်ပါတယ်။ အမှတ်တမဲ့ ဖတ်ကြည့်လိုက်ရင်တော့ ဟဲ့-ခါတိုင်းနဲ့မတူ၊ နည်းနည်းတော့ ထူးသဟလို့ ထင်နိုင်ပါတယ်။ အင်န်အယ်လ်ဒီရဲ့ ပြည်ထောင်စုနေ့ အထူးကြေညာချက် ၁/၀၂/၂၀၀၆ ကို ဖတ်ကြည့်တဲ့အခါ သူတို့ ပြောချင်တဲ့ အဓိကအချက်တချို့ကို ဟောသလို တွေ့ရပါတယ်။

၁။ လက်ရှိတပ်မတော်အစိုးရက ၁၉၉၀ ရွေးကောက်ပွဲ ရွေးကောက်ခံ ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ခေါ်ပေးရန်၊

၂။ ထိုလွှတ်တော်က လက်ရှိအစိုးရကို ဥပဒေအရ အုပ်ချုပ်သော ကောင်စီ (Dejure) အဖြစ် ကြေညာပေးရန်၊

၃။ လွှတ်တော်က မကြေညာလျှင် လက်ရှိအစိုးရသည် ဥပဒေအရ မဟုတ်ဘဲ လက်တွေ့အုပ်ချုပ်နေသော ကောင်စီ (Defacto) ဖြစ်နေသည်။

၄။ လက်ရှိအစိုးရက ဒီမိုကရေစီအသွင်ကူးပြောင်းရေးအစိုးရအဖြစ် တာဝန်ယူဖို့နှင့် ထိုအသွင်ကူးပြောင်းရေးအစိုးရ၏ ကာလကို အင်န်အယ်လ်ဒီနှင့် အစိုးရ ညှိနှိုင်းသတ်မှတ်ရန်၊

၅။ ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိလွှတ်ပေးပြီး ဆွေးနွေးပွဲများတွင် ပါဝင်စေရန်၊

၆။ အကယ်၍ ကြားလူလိုအပ်ပါက အာဆီယံနိုင်ငံ တစ်နိုင်ငံမှ ခေါင်းဆောင်တစ်ဦးကို ရွေးရန်၊

၇။ နိုင်ငံတော်အစိုးရက ယင်းအစီအစဉ်ကို ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့အတွင်း စတင်အကောင်အထည်ဖော်ပေးရန်။

စသဖြင့် တွေ့ရပါတယ်။

အဲဒီကြေညာချက်ကို အင်န်အယ်လ်ဒီ ဘာလုပ်လုပ် ဖွတ်မိုတ်ထောက်ခံကြတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့တွေနဲ့ အဲဒီအဖွဲ့တွေရဲ့ ဝါဒဖြန့် အသံလွှင့်ဌာနနဲ့ မီဒီယာတချို့က ထောက်ခံကြိုဆိုကြတယ်ဆိုတာလဲ ကြားသိရပါတယ်။ ပျော့ပျောင်းတဲ့ ကြေညာချက်ဖြစ်တယ်။ ဘာညာဆိုပြီး ပြောကြဆိုကြပြန်ပါတယ်။

ဒါပေမယ့် အင်န်အယ်လ်ဒီရဲ့ အထူးကြေညာချက်ကို သေသေချာချာ ဖတ်ကြည့်ရင်တော့ အရင်အတိုင်း ထူးမခြားနား တောင်းဆိုချက်တွေအပေါ် အခြေခံပြီး နားလှည့်ပါးရိုက် လုပ်ထားတယ်ဆိုတာကို တွေ့ရပါတယ်။ အဲဒါတွေကတော့ လွှတ်တော်ခေါ်ပေးရေး၊ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရေးနဲ့ တွေ့ဆုံဆွေးနွေးရေး(ဒိုင်ယာလော့ခ်) ဆိုတာတွေပဲ ဖြစ်ပါတယ်။ ဒါတွေဟာ အင်န်အယ်လ်ဒီက လက်ရှိအစိုးရကို ကလေးမုန့်ပူဆာသလို စကတည်းက တစာစာတောင်းနေတဲ့ အချက်တွေပဲဖြစ်ပါတယ်။

နောက်ပြီးတော့ **အဲဒီကြေညာချက်ဟာ လက်တွေ့မကျဘဲ စိတ်ကူးယဉ်အတွေးများနဲ့ ရေးထားတဲ့ ကြေညာချက်မျိုးလည်း ဖြစ်နေပြန်ပါတယ်။** ဘာတွေ လက်တွေ့မကျသလဲ ကြည့်ကြရအောင်။ လက်ရှိအစိုးရဟာ လက်တွေ့အုပ်ချုပ်နေသော ကောင်စီလို့ပဲပြောပြော တိုင်းပြည်ကို အုပ်ချုပ်လာတာ နှစ်ပေါင်း ၁၈ နှစ် ရှိခဲ့ပါပြီ။ သည်အစိုးရကပဲ ကုလသမဂ္ဂ အစည်းအဝေးတွေ၊ နိုင်ငံတကာအစည်းအဝေးကြီးတွေကို ကိုယ်စားလှယ်တွေ စေလွှတ်တက်ရောက်နေခဲ့တာ နိုင်ငံတော်တာဝန် စယူကတည်းက ဖြစ်ပါတယ်။ ပြီးတော့ တခြားနိုင်ငံတွေက နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ ချစ်ကြည်ရေးအဖွဲ့တွေဟာ လက်ရှိအစိုးရရဲ့ ဖိတ်ကြားချက်အရ လာရောက်လည်ပတ်လျက်လည်း ရှိနေကြပါတယ်။ တပ်မတော်အစိုးရဟာ အာဆီယံ၊ ဘင်းမ်စတက်၊ မဟာမဲခေါင်နိုင်ငံများစတဲ့ ဒေသဆိုင်ရာ အဖွဲ့ကြီးတွေမှာလည်း တရားဝင်အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားလျက်လည်း ရှိနေပါတယ်။ **ဥပဒေအရ အုပ်ချုပ်သော အစိုးရ၊ လက်တွေ့အုပ်ချုပ်သော အစိုးရဆိုတဲ့ အသုံးအနှုန်းတွေထက် လက်ရှိ တပ်မတော်အစိုးရဟာ နိုင်ငံတကာနှင့် အိမ်နီးချင်းတွေအားလုံးက အသိအမှတ်ပြုထားရတဲ့ တရားဝင်အစိုးရ တစ်ရပ်ဆိုတာက ပိုပြီးလက်တွေ့ဆန်ပါတယ်။**

အဲဒီလို တရားဝင်ဖြစ်နေတဲ့ အစိုးရတစ်ရပ်ဟာ အင်န်အယ်လ်ဒီရဲ့ ပြောစကားနားထောင်ပြီး သူတို့ခေါ်ခိုင်းတဲ့ လွှတ်တော်ရဲ့ ရှေ့ကျမှ ကျွန်တော်တို့ဟာ အရင်တုန်းက လက်တွေ့အုပ်ချုပ်တဲ့ အစိုးရပဲရှိပါတယ်။ အခုမှ ဥပဒေအရ အုပ်ချုပ်တဲ့အစိုးရဖြစ်ပါပြီလို့ အကြေညာခံမှာလားဆိုတာ စဉ်းစားကြည့်ကြဖို့ ကောင်းပါတယ်။ မိမိသာ လက်ရှိအစိုးရနေရာမှာဆိုရင်ကော အဲဒီလိုမျိုးလုပ်မလားဆိုတာ ပြန်မေးကြည့်သင့်ပါတယ်။ **ပြီးတော့ မေးစရာတစ်ခုလည်း ရှိလာပါတယ်။ အင်န်အယ်လ်ဒီက ကြေညာပေးမှ ဥပဒေအရ အုပ်ချုပ်တဲ့ အစိုးရဖြစ်ရမှာလားဆိုတာပါပဲ။ သည်နေရာမှာ အင်န်အယ်လ်ဒီရဲ့ တွေးတောဆင်ခြင်နိုင်စွမ်းအားနည်းမှု၊ လက်တွေ့နဲ့ ကင်းကွာပြီး စိတ်ကူးယဉ်ပုံစံ၊ လူပြိန်းကြိုက်ပုံစံ သွတ်သွင်းမှုတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ အင်န်အယ်လ်ဒီဟာ ၁၉၈၈မှ ယခုအထိ တစ်လျှောက်လုံး လက်တွေ့ကျကျ ဆင်ခြင်သုံးသပ်မှု (realization) တွေနဲ့ ကင်းကွာပြီး နိုင်ငံရေးလုပ်ခဲ့လို့ မြန်မာပြည်သူ၊ ပြည်သားတွေ လိုလားတောင့်တတဲ့ ဒီမိုကရေစီနိုင်ငံတော်နဲ့ ဝေးကွာခဲ့ရတယ်။ ပန်းတိုင်ရောက်ဖို့ မကြာသင့်ဘဲ ကြာခဲ့ရတယ်ဆိုတာ အမျိုးသားနိုင်ငံရေးကို လေ့လာနေတဲ့သူတွေအားလုံး သဘောပေါက်နေကြပါပြီ။**

ကြေညာချက်မှာပါတဲ့ နောက်တောင်းဆိုချက်က တွေ့ဆုံဆွေးနွေးရေးဆိုတာပဲ ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးရေးအပေါ် လက်ရှိတပ်မတော်အစိုးရနဲ့ အင်န်အယ်လ်ဒီအပါအဝင် အတိုက်အခံတချို့ရဲ့ အနက်ဖွင့်ဆိုမှုချင်းဟာ မူလဘူတကတည်းက ကွဲလွဲနေခဲ့ပါတယ်။ **တပ်မတော်အစိုးရက တွေ့ဆုံဆွေးနွေးခြင်းသည် တစ်ဦးတစ်ယောက်၊ တစ်ပါတီမျှနှင့် မျက်နှာချင်းဆိုင် စကားပြောခြင်းမဟုတ်၊ အလွှာအသီးသီးပါဝင်သော စုပေါင်းတိုင်ပင်နှီးနှောခြင်းဖြစ်တယ်။ ကျင်းပလျက်ရှိနေတဲ့ အမျိုးသားညီလာခံကြီးသည် အခြေခံကျသော တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ဖြစ်သည်လို့ သဘောထားတာတွေ့ရပြီး အင်န်အယ်လ်ဒီကတော့ တွေ့ဆုံဆွေးနွေးမှုဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တပ်မတော်ခေါင်းဆောင်တွေ မျက်နှာချင်းဆိုင်ပြီး နိုင်ငံရေးစကားပြောကြခြင်းလို့ တရားသေမှတ်ယူထားကြပါတယ်။**

ဟိုအရင်က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ နိုင်ငံတကာသတင်းဌာနတွေ၊ အင်တာဗျူးလုပ်ကြတာတွေကို ပြန်ကြည့်ရင် **တပ်မတော်အစိုးရက အင်န်အယ်လ်ဒီကို အမျိုးသားညီလာခံသည် ဒိုင်ယာလော့ခ် ဖြစ်တယ်။ အဲဒီကတစ်ဆင့် နိုင်ငံအနာဂတ်ရေးရာကို ညှိနှိုင်းနိုင်မယ်လို့ ခပ်ရှင်းရှင်းပြောခဲ့ပါတယ်။** အဲဒါကို **သိသိကြီးနဲ့ပဲ အင်န်အယ်လ်ဒီဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒိုင်ယာလော့ခ် လုပ်ပါလို့ တစာစာ တောင်းဆိုမှုပြုခဲ့ပါတယ်။ အခုနောက်ဆုံး ကြေညာချက်မှာလည်း ကြောင်းကွဲသံတူ ဒီဓာတ်ပြားဟောင်းကြီးပဲ ပြန်ဖွင့်ပြန်ပါတယ်။**

အင်န်အယ်လ်ဒီကသာ လက်တွေ့ကျကျ မြော်မြင်သုံးသပ်နိုင်ခဲ့ရင် ၁၉၉၆ ခုနှစ်မှာ အမျိုးသားညီလာခံက ထွက်ခဲ့မှာမဟုတ်ပါဘူး။ မထွက်တဲ့အပြင် အမျိုးသားညီလာခံကြီး ခပ်မြန်မြန်ပြီးစီးရေးကိုတောင် ပန်းတိုင်ထားလုပ်ဆောင်ခဲ့ဦးမှာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံပြီးမှ ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်လာမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်လာမှ အဲဒီဥပဒေနဲ့အညီ အရပ်သားအစိုးရတစ်ရပ်၊ ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ဒါဟာ ပြည်သူတွေ လိုလားတောင့်တတဲ့ ပန်းတိုင်လည်း ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာသာ အမျိုးသားညီလာခံ မရပ်နားဘဲ ဆက်လက်ကျင်းပဖြစ်ခဲ့ရင်၊ အင်န်အယ်လ်ဒီက ကဖျက်ယဖျက် မလုပ်ခဲ့ရင် အခုဆို ၁၀ နှစ်ရှိပါပြီ။ အရပ်သားအစိုးရ နှစ်ဆက်လောက်တောင် ရောက်နေလောက်ပါပြီ။

၁၉၉၆ မှာ လမ်းကြောင်းသွေဖည်သွားတဲ့ အင်န်အယ်လ်ဒီကို တပ်မတော်အစိုးရက ၂၀၀၃ ခုနှစ် ဩဂုတ်လမှာ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ဆိုတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ အဆင့်(၇)ဆင့်ကို ကြေညာပေးခဲ့၊ ပြီးတော့ ရပ်နားခဲ့ရတဲ့ အမျိုးသားညီလာခံကြီးကို ၂၀၀၄ မှာ ပြန်လည်ကျင်းပပေးခဲ့ပြီး မူလကတည်းက ရှိခဲ့တဲ့ ဒီမိုကရေစီသို့ သွားရာလမ်းကြောင်းပေါ် ပြန်တင်ပေးနိုင်ဖို့ စီစဉ်ခဲ့ပါတယ်။ **အင်န်အယ်လ်ဒီကို အမျိုးသားညီလာခံတက်ရောက်ဖို့ ထပ်မံဖိတ်ကြားခဲ့ပြန်ပါတယ်။ အဲဒီအခါ အင်န်အယ်လ်ဒီဟာ အတိတ်က အမှားတွေကို သင်ခန်းစာယူပြီး ပြန်ဖွင့်ပေးခဲ့တဲ့လမ်းစကို ပြန်လျှောက်မယ့်အစား အကျင့်ပါနေကျအတိုင်း အပေးအယူပုံစံမျိုး၊ အကျပ်ကိုင်ပုံစံမျိုး လုပ်ခဲ့ပြန်ပါတယ်။**

ဒါတောင်မှ အဲဒီတုန်းက အစိုးရက လိုက်လျောနိုင်တာ တချို့လိုက်လျောပေးခဲ့ပါတယ်။ သူတို့က အကုန်ရရင်ရ၊ မရရင်ဘာမှ မယူဘူးဆိုတဲ့ အစွန်းရောက်ဝါဒတွေ၊ ကိုယ့်ကိုယ်ကို အခြောက်တိုက်ဘဝင်မြင့်အစွဲတွေနဲ့ အမျိုးသားညီလာခံကြီးကို ကျောခိုင်းခဲ့ပြန်ပါတယ်။ လူပြိန်းကြိုက်ဟီးရိုးလုပ်ပြီး မြှောက်ပင့်ပေးနေကြသူတွေရဲ့ လက်ခုပ်သံတွေကို ဆက်ပြီး ယစ်မူးခဲ့ပြန်ပါတယ်။

အင်န်အယ်လ်ဒီ မတက်ခဲ့ပေမယ့် အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပခဲ့ရာမှာ ကနေ့ဆိုရင် အခြေခံမူအများစုကို ချမှတ်နိုင်ခဲ့ပါပြီ။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

တပ်မတော်အစိုးရဟာ နိုင်ငံတော်အာဏာ ရယူပြီးကတည်းက အကျပ်အတည်း အခက်အခဲအမျိုးမျိုးနဲ့ ကြုံခဲ့ရပါတယ်။ အဲဒီအကျပ်အတည်းတွေကိုလည်း အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့တာချည်း ဖြစ်ပါတယ်။ အရင် လမ်းစဉ်ပါတီ အစိုးရတုန်းက ချွတ်ခြုံကျခဲ့တဲ့ စီးပွားရေးအမွေကို ဆက်ခံခဲ့ရစဉ်မှာပဲ အနောက် အုပ်စုရဲ့ စီးပွားရေးပိတ်ဆို့မှုကို ရင်ဆိုင်ခဲ့ရတာပါ။ ဒီလိုအခြေအနေ မျိုးမှာတောင် တပ်မတော်အစိုးရဟာ သူတို့ရဲ့ မူလလမ်းကြောင်းဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းရေး၊ ဖြစ်ပေါ်လာတဲ့ အခြေခံဥပဒေအသစ်နှင့်အညီ ဒီမိုကရေစီ နိုင်ငံတော် သစ်သို့ တက်လှမ်းရေးဆိုတဲ့ ပေါ်လစီကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားနိုင်ခဲ့တာ တွေ့ရပါတယ်။

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

အမျိုးသားညီလာခံပြီးဆုံးမယ့် ကာလကလည်း လှမ်းကြည့်ရင် မြင်နိုင်တဲ့ အကွာအဝေးမှာ ရောက်လာနေပါပြီ။ **နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် တပ်မတော်နဲ့ အစိုးရပိုင်းက တာဝန်ရှိလူကြီးတွေဟာ နိုင်ငံတကာအသိုင်းအဝိုင်းကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်တစ်ရပ် တည်ထောင်မယ်ဆိုတာ ကတိကဝတ်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအပြင် လက်ရှိဆောင်ရွက် အကောင်အထည်ဖော်နေတဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်မှလွဲပြီး တခြားနည်းလမ်းမရှိဆိုတာ အတိအလင်း ရှင်းရှင်းကြီးပြောပြ ကြေညာခဲ့ပြီးပါပြီ။**

တပ်မတော်အစိုးရဟာ နိုင်ငံတော်အာဏာ ရယူပြီးကတည်းက အကျပ်အတည်း အခက်အခဲအမျိုးမျိုးနဲ့ ကြုံခဲ့ရပါတယ်။ အဲဒီအကျပ်အတည်းတွေကိုလည်း အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့တာချည်း ဖြစ်ပါတယ်။ အရင်လမ်းစဉ်ပါတီ အစိုးရတုန်းက ချွတ်ခြုံကျခဲ့တဲ့ စီးပွားရေးအမွေကို ဆက်ခံခဲ့ရစဉ်မှာပဲ အနောက်အုပ်စုရဲ့ စီးပွားရေးပိတ်ဆို့မှုကို ရင်ဆိုင်ခဲ့ရတာပါ။ **ဒီလိုအခြေအနေမျိုးမှာတောင် တပ်မတော်အစိုးရဟာ သူတို့ရဲ့မူလလမ်းကြောင်းဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေး၊ ဖြစ်ပေါ်လာတဲ့ အခြေခံဥပဒေအသစ်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်သို့တက်လှမ်းရေးဆိုတဲ့ ပေါ်လစီကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားနိုင်ခဲ့တာ တွေ့ရပါတယ်။ အဲဒီမူလလမ်းကြောင်းက ဆံခြည်တစ်မျှင်မျှပင် သွေဖည်သွားခြင်း မရှိခဲ့ဘူးဆိုတာကိုလည်း အတိတ်ကနေယနေ့အထိ မြင်နိုင်ပါတယ်။ ဆိုလိုတာကတော့ အခက်အခဲဆုံး အခြေအနေများကို ဖြတ်သန်းခဲ့စဉ်မှာတောင် ခိုင်ကျည်စွာဆုပ်ကိုင်ထားနိုင်ခဲ့တဲ့ မူဝါဒလမ်းစဉ်တွေကို ဒီကနေ့လို ဖွံ့ဖြိုးမှုအသီးအပွင့်တွေ ခံစားနေရချိန်၊ ရလဒ်ကောင်းတွေ ဖြစ်ပေါ်နေချိန်မျိုးမှာ လက်လွှတ်သွေဖည်မှာလားဆိုတာ မေးစရာတောင်မလိုအောင် ရှင်းနေပါတယ်။ ဒါကို နိုင်ငံရေးလုပ်နေတဲ့၊ အစိုးရလုပ်ချင်နေတဲ့ အဖွဲ့အစည်းတွေက မသုံးသပ်နိုင်တာကိုတော့ အံ့သြရမလား၊ ဒါမှမဟုတ် အမှောင့်ပယောဂတွေ ဖုံးလွှမ်းနေလို့ မမြင်နိုင်တာလားလို့သာ မေးခွန်းပြန်ထုတ်ရကောင်းမလား စဉ်းစားမိပါတယ်။**

ဒီနေရာမှာ တပ်မတော်အစိုးရဟာ ဒီမိုကရေစီသို့ ကူးပြောင်းရာမှာ တရွေ့ရွေ့ တိုးတက်ဖြစ်ပေါ်စေခြင်းဆိုတဲ့ အီဗိုလူးရှင်းကို ဦးတည်ထားနေပြီး အင်န်အယ်လ်ဒီအပါအဝင် အတိုက်အခံတွေကတော့ တော်လှန်ပြောင်းလဲခြင်း ရီဗော်လူရှင်းကို ဦးတည်နေတယ်လို့ သုံးသပ်ကြရမှာ ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ အီဗိုလူးရှင်းရဲ့ အဆင့်များ ဖြစ်တယ်ဆိုတာကို လက်ခံထားကြဖို့ လိုပါတယ်။ ရီဗော်လူးရှင်းကို မည်သည့်အာဏာရ အစိုးရကမျှ နှစ်သက်ခြင်းမရှိနိုင်သည်မှာလည်း သဘာဝတရားတစ်ခု ဖြစ်တယ်ဆိုတာ နားလည်ကြဖို့ သင့်ပါတယ်။

ကြေညာချက်မှာ မြန်မာနှစ်ဆန်းတစ်ရက် ဧပြီလ ၁၇ ရက်နေ့အတွင်း **အကောင်အထည်ဖော်ရန်ဆိုတဲ့ အချက်ကတော့ အစိုးရကို ပြန်ပြီးရာဇသံ ပေးသလိုမျိုးဖြစ်နေပြီး စည်းရုံးရေးစွမ်းရည် ညံ့ဖျင်းလှ၊ ဒီပလိုမေစီကင်းလှတဲ့ တောင်းဆိုချက်လို့ ပြောရမှာဖြစ်ပါတယ်။ အစိုးရတစ်ရပ်ဆိုတာ လူသားများနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါတယ်။ အဲဒီတော့ ဘယ်အစိုးရကိုပဲ လေ့လာ လေ့လာ လူတွေရဲ့ အခြေခံကျတဲ့ စိတ်ပိုင်းဆိုင်ရာ ပြုမူတုံ့ပြန်နိုင်မှုတွေကို ထည့်မတွက်လို့ မဖြစ်နိုင်ပါဘူး။ လက်ရှိအစိုးရဟာ အကျပ်ကိုင်တောင်းဆိုမှုများကို ကောင်းစွာကျော်လွှားနိုင်စွမ်းတယ်၊ အကျပ်ကိုင်တောင်းဆိုလေလေ၊ လိုက်လျောဖို့ ပိုဝေးလေ ဖြစ်တတ်တယ်ဆိုတာ အတိတ်မှာ သက်သေအများကြီးပြခဲ့ပြီးလည်း ဖြစ်ပါတယ်။**

အဲဒီတော့ အင်န်အယ်လ်ဒီရဲ့ ပြည်ထောင်စုနေ့ အထူးကြေညာချက်ကို ခြုံငုံသုံးသပ် ကောက်ချက်ဆွဲကြည့်ရင်တော့ လက်ရှိဖြစ်စဉ်များ ဖြစ်ပေါ်တိုးတက်မှုများနဲ့မကိုက်ညီ၊ လက်တွေ့အခြေအနေများနဲ့လည်း ကင်းကွာနေတဲ့ ထူးမခြားနားကြေညာချက်မျိုးမျှသာဖြစ်တယ်လို့ မြင်တွေ့နိုင်ပါတယ်။ တေးသီချင်းအဟောင်းကြီးကို အကြားအာရုံ အပြောင်းအလဲဖြစ်အောင် သံစဉ်ပြောင်းပြီး တီးခတ်ဆိုပြလိုက်သလိုမျိုးလို့လည်း ပြောနိုင်ပါတယ်။

မြန်မာပြည်သူ၊ ပြည်သားတွေရဲ့ အကျိုးစီးပွားကို တကယ်ဦးထိပ်ပန်ဆင်ချင်တယ်ဆိုရင်တော့ ပါတီအစွဲ၊ ပုဂ္ဂိုလ်အစွဲတွေ ဖျောက်၊ အာဃာတတွေ ဖယ်ရှားကာ လက်တွေ့ကျပြီး အမှန်တကယ် ခရီးရောက်မယ့် လမ်းကိုသာ ရွေးရမှာဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းကတော့ တခြားမဟုတ်ပါ။ တပ်မတော်အစိုးရက ဘယ်လိုအခြေအနေရောက်ပါစေ မလွှတ်တမ်းဆုပ်ကိုင်ထားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်နည်းအားဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အဆင့်(၇)ဆင့်ဆိုတဲ့ လမ်းကြောင်းပဲ ဖြစ်ပါတယ်။ အင်န်အယ်လ်ဒီအနေနဲ့ အတိတ်ကသင်ခန်းစာတွေကို ကောင်းစွာယူနိုင်ပြီး တပ်မတော်အစိုးရရဲ့ ဦးဆောင်ဦးရွက်ပြုမှုနဲ့အတူ ကျန်တဲ့ငြိမ်းချမ်းရေးအဖွဲ့အစည်းများ အပါအဝင် အလွှာအသီးသီး၊ နိုင်ငံရေးအင်အားစုအသီးသီးက ကြိုးစားအကောင်အထည်ဖော်နေတဲ့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးခြင်းအစ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေး အလယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာရေးအဆုံး အမျိုးသားနိုင်ငံရေးအသွင်ကူးပြောင်းမှု လမ်းကြောင်းကြီးထဲ အများနည်းတူ လိုက်ပါခြင်းဖြင့်သာ win-win ဆိုတဲ့ အခြေအနေသစ်တစ်ရပ်ကို တိုးတက်ဖန်တီးနိုင်မှာဖြစ်ကြောင်း စေတနာဖြင့် တိုက်တွန်းရေးသားရပါတယ်။ ။

သဘာဝသယံဇာတများကို ပျက်စီးစေပြီး ဒေသခံငါးမျိုးများ ပြုန်းတီးစေနိုင်သဖြင့် အာဖရိကငါးခူများ မွေးမြူခြင်းမပြုရန် တားမြစ်

ရန်ကုန် ဧပြီ ၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေနှင့်အညီ နိုင်ငံတော်အတွင်းရှိ ငါးမွေးမြူခြင်းလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသည့် အာဖရိကငါးခူ (Clarias Gariepinus) များသည် သဘာဝသယံဇာတများကို ပျက်စီးစေကြောင်း၊ ဒေသခံငါးမျိုးများ ပြုန်းတီးစေနိုင်ကြောင်း သိရှိရသဖြင့် အဆိုပါ အာဖရိကငါးခူများကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းခွင့်မပြုကြောင်း၊ ပြည်တွင်းတွင် လက်ရှိ သားဖောက်ထုတ်လုပ်နေသည့် အာဖရိကငါးခူများကို ဆက်လက်သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည်တို့ကို မပြုလုပ်ကြရန်တားမြစ်လိုက်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာ အမှတ် (၅/၂၀၀၁) ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

အဆိုပါ အမိန့်ကြော်ငြာစာပါ သတိပေးတားမြစ်ချက်များကို ဖောက်ဖျက်၍ အာဖရိကငါးခူ ငါးလုပ်ငန်းလုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဟု အသိပေးကြေညာထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

အာဖရိက ငါးခူများ

သဘာဝသယံဇာတများကို ပျက်စီးစေပြီး ဒေသခံငါးမျိုးများ ပြုန်းတီးစေနိုင်သဖြင့် မွေးမြူခြင်းမပြုရန် တားမြစ်ထားသော အာဖရိက ငါးခူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇–၄–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ရိုးရာကျေးလက်ကစားနည်း
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၀၅	၇။	ကြေးမုံရိပ်သွင်တေးနယ်ဥ်
၈း၁၅	၈။	ကျေးပင်အက်ရေလျှောင်တမံ
၈း၂၀	၉။	ခါသကြိန်အဆိုအကများ
၈း၃၀	၁၀။	International News.
၈း၄၅	၁၁။	English for Everyday Use
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	တေးဂီတအစီအစဉ်
၄း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၅	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၅း၂၀	၇။	အဆိုပြိုင်ပွဲ
၅း၂၅	၈။	**“အန္တရာယ်ကင်းစေ ဘေးရှင်းစေ” (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ–သက်တင်)**
၅း၄၀	၉။	ခါသကြိန်အဆိုအကများ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	သုတစုံလင် ရွှေဉာဏ်ရှင်
၇း၀၀	၁၃။	ကျန်းမာစွမ်းအား ဖွံ့ဖြိုးဖို့ လက်တွဲပါဝင်ဆောင်ရွက်စို့
၇း၀၅	၁၄။	အတီးပြိုင်ပွဲ
၇း၃၀	၁၅။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၇း၄၅	၁၆။	ခါသကြိန်အဆိုအကများ
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ “နှင်းဆီအိပ်မက်” (အပိုင်း–၂၂)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ထူးထူးခြားခြား အင်တာနက်စီးပွား

အာရှရုပ်ရှင်ထုတ်လုပ်မှု လုပ်ငန်းတွင် အချက်အချာနိုင်ငံအဖြစ် မလေးရှားရည်မှန်း

ကွာလာလမ်ပူ ဧပြီ ၆

မလေးရှားနိုင်ငံသည် အာရှတိုက်၏ ရုပ်ရှင်ထုတ်လုပ်မှု ဗဟိုအချက်အချာနိုင်ငံဖြစ်လာရန် ရည်မှန်းထားကြောင်း မတ် ၆ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံသည် အာရှတိုက်တွင် ရုပ်ရှင်ထုတ်လုပ်ရေး အချက်အချာ နိုင်ငံဖြစ်လာရန် အခြေခံအကြောင်းတရားများနှင့် ပြည့်စုံသည့်နိုင်ငံဖြစ်ကြောင်း အမျိုးသားရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဖော်ဇီ အယွတ်က ဘနားမားသတင်းအေဂျင်စီသို့ ပြောကြားသည်။

မလေးရှား ရုပ်ရှင်ဒါရိုက်တာ ဂျိမ်းစ်လီ၏ “The Beautiful Washing Machine” ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ယခုနှစ် နိုဝင်ဘာလတွင် မလေးရှားနိုင်ငံ၌ ကွာလာလမ်ပူ ရုပ်ရှင်ပွဲတော်ကို ကျင်းပနိုင်ရန် မိမိတို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံကို ဒေသဆိုင်ရာ ရုပ်ရှင်ထုတ်လုပ်မှု ဗဟိုအချက်အချာနိုင်ငံအဖြစ်သို့ ပြောင်းလဲရန် ဟူသောအချက်မှာ မလေးရှားအစိုးရ၏ ရည်မှန်းချက်တစ်ရပ်လည်းဖြစ်ကြောင်း မစ္စတာဖော်ဇီက ပြောကြားသည်။

မလေးရှားအစိုးရသည် နိုင်ငံအတွင်း ထုတ်လုပ်သော ရုပ်ရှင်ကားများကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချရန် မဟာဗျူဟာရေးဆွဲချမှတ်ထားချိန်တွင် ရုပ်ရှင်ပွဲတော်ကို ကျင်းပမည်ဖြစ်သည်။

မလေးရှားနိုင်ငံသည် ၂၀၀၇ ခုနှစ်ကို မလေးရှား ခရီးသွားနှစ်အဖြစ် သတ်မှတ်ထားပြီး လာမည့်နှစ်တွင်လည်း ရုပ်ရှင်ပွဲတော်ကို ကျင်းပဦးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ရုပ်ရှင်ပွဲတော်အတွင်း နီးနှောဖလှယ်ပွဲများကျင်းပမည့်အပြင် မလေးရှားနှင့် နိုင်ငံခြားရုပ်ရှင်ကားများကို ပြသသွားမည်ဖြစ်ကြောင်း၊ မလေးရှားရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို လှစ်ဟမည့်ပြခန်းများကိုလည်း ခင်းကျင်းပြသမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူသည် အာရှနှင့် ပစိဖိတ်ရုပ်ရှင်ပွဲတော်ကို လေးကြိမ်တိုင်တိုင် လက်ခံကျင်းပခဲ့ပြီးဖြစ်သည်။ ကွာလာလမ်ပူ ကမ္ဘာ့ရုပ်ရှင်ပွဲတော်ကို ၂၀၀၃ ခုနှစ်က ကျင်းပခဲ့သည်။ ***အင်တာနက်။***

ဂျူနီယာတင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး ကျင်းပမည့် TFM Junior Tennis Championships အသက် (၁၄)နှစ်၊ အသက် (၁၂)နှစ်နှင့် အသက် (၁၀) နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၂ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ လူငယ်တင်းနစ် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က အသိပေးနှိုးဆော်ထားသည်။

ပြည်နယ်နှင့် တိုင်းများမှ လာရောက်ယှဉ်ပြိုင် ကစားလိုသော လူငယ်အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က တည်းခိုရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ဧပြီ ၂၀ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း– ၃၇၂၃၆၀ သို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများ၏ မွေးသက္ကရာဇ်နှင့် ပတ်သက်၍ မှတ်ပုံတင်၊ မွေးစာရင်းမှုရင်း (သို့မဟုတ်) သက်ဆိုင်ရာကျောင်းအုပ်ကြီးထံမှ အသက်ထောက်ခံစာမူရင်း တင်ပြရမည်ဖြစ်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

(၆–၄–၂၀၀၆)
ပုတာအို
၁ ဒသမ ၂၆ လက်မ

❍ ကာကွယ်ရေးဝန်ကြီးဌာနမှ

ရောက်ရှိပြီး ရှင်းလင်းဆောင်ဖွဲ့ ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်က မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအိုလမ်း(၂၁၈) မိုင် ဖောက်လုပ်မှုနှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လမ်းဘေး ရေမြောင်းများဖောက်လုပ်ရေး၊ ရေပြွန်–တံတားများ တည်ဆောက်ရေးလမ်းကြောင်းနေရောင်ရရှိရေး၊ လမ်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နည်းလမ်းများရှာကြံဆောင်ရွက်ရေး၊ ယခုလမ်းဖောက်လုပ်ထားမှုမှာ ကောင်းမွန်ကြောင်းနှင့် ထို့ထက်ပိုမိုကောင်းမွန်အောင် တာဝန်ယူဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများအနေဖြင့် အထူးကြိုးစားပြီး သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်တို့က ဒေသခံတိုင်းရင်းသားများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၉၄) မှ ပြန်လည် ထွက်ခွာလာရာ နံနက် ၁၁ နာရီခွဲတွင် ဆွမ်ပရာဘွမ်မြို့နယ် ဒရူးခကျေးရွာ မိုင်တိုင် (၇၆/၀)မိုင်သို့ ရောက်ရှိရာ ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၇၆) ရှိ ဒရူးခတံတား အခြေအနေနှင့် မိုင်တိုင် (၇၃) ၌ စက်ယန္တရားများဖြင့် လမ်းချဲ့ထွင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် မိုင်တိုင် (၅၃) ရှိ တီယန်ဇွပ်တံတားသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား တံတားကို ဖြတ်သန်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ တံတားရေရှည်တည်တံ့ခိုင်မြဲရန် ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားကာ တံတားအနီး ယန္တရားများဖြင့် လမ်းချဲ့ထွင်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ ၄၅ မိနစ်တွင် မြစ်ကြီးနားမြို့နယ် အင်ဇွပ်ရွာထိပ် မိုင်တိုင် (၄၁) ရှိ အင်ဇွပ်တံတားသို့ လည်းကောင်း၊ မိုင်တိုင် (၃၅/၃၆) အကြားရှိ ဖိုအင်ခတံတားသို့ လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖိုအင်ခ တံတားမှာ တန်ဖရဲမှ မိုင်တိုင် (၇၃) အတွင်း အရှည်ဆုံးတံတားဖြစ်ပြီး ဘေလီတံတား အမျိုးအစားဖြစ်၍ အလျား ၂၇၅ ပေ ရှည်ကာ တံတားခံနိုင်ဝန်မှ ၁၃ တန်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့နယ် မိုင်တိုင် (၅၃) ရှိ တီယန်ဇွပ်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ (၃၄/၃၅) မိုင်ကြားလမ်းပိုင်းသို့ ရောက်ရှိကြပြီး လမ်းဖောက်လုပ်မှုလုပ်ငန်း၊ မြေသယ်မြေဖို့မှု၊ ကျောက်ခင်းနေမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တန်ဖရဲမှ ကယွန်တူမိုင်တိုင်(၂၇/၀)မိုင်မှ (၇၃/၀)မိုင်အထိ ၄၆မိုင်ကို ဂျိတ်လန်းကုမ္ပဏီလီမိတက်က လည်းကောင်း၊ ကယွန်တူမှဆွမ်ပရာဘွမ် မိုင်တိုင်(၇၃/၀)မိုင်မှ(၁၃၂/၀)မိုင်အထိ ၅၉မိုင်ကို ဖားကန့်ကျောက်မျက်ကုမ္ပဏီ လုပ်ငန်းရှင်များက လည်းကောင်း၊ ဆွမ်ပရာဘွမ်မှ ဆွမ်ပီယန်မိုင်တိုင် (၁၃၂/၀)မိုင်မှ (၁၇၀/၀)မိုင်အထိ ၃၈မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း အထူးအဖွဲ့(၆)က လည်းကောင်း၊ ဆွမ်ပီယန်မှ ပူတာအိုမိုင်တိုင်(၁၇၀/၀)မိုင်မှ (၂၁၈/၀)မိုင်အထိ ၄၈မိုင်ကို ပူတာအိုပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် နယ်မြေခံတပ်နယ်တို့ကလည်းကောင်း လမ်းပိုင်းအလိုက် တာဝန်ယူ တိုးချဲ့ပြုပြင်ဖောက်လုပ်ကြကြောင်း သိရသည်။

ယခုအခါမြစ်ကြီးနား–ဆွမ်ပရာဘွမ်ခရီးမိုင် ၁၃၂မိုင်အနက် မိုင်၁၂၀ တိုးချဲ့ပြုပြင် ပြီးစီးပြီး ၁၂မိုင်သာ တိုးချဲ့ရန်ကျန်ရှိပြီး ချဲ့ထွင်ပြီးလမ်းများတွင်လည်း ကျောက်ကြမ်းခင်းလျက်ရှိသည်။ယခင်က မြစ်ကြီးနား–ဆွမ်ပရာဘွမ်အား ညအိပ်ခရီးသွားရသော်လည်း ယခုအခါ ခုနစ်နာရီခရီးဖြင့် သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၃၁/၀)မိုင်မှ မော်တော်ယာဉ်များဖြင့် ပူတာအို–ဆွမ်ပရာဘွမ်–မြစ်ကြီးနား လမ်းအတိုင်း ဆက်လက်ထွက် ခွာလာကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မလိခဧည့်ရိပ်သာ၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကိုကိုးကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်း မြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ နံနက် ၈နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများက ကြိုဆိုကြသည်။

ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုက လှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံကို တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့က ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဇနီးဒေါ်မာမာဝေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ကိုကိုးကျွန်းမြို့နယ် ဇိနမာရဇိန်စေတီတော်ကို ဝင်ရောက်ဖူးမြော် ကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရေဂါလန် ၈၀၀၀၀ သိုလှောင် ဖြန့်ဖြူးနိုင်မည့် ဖြိုးမင်္ဂလာ သောက်သုံးရေကန် တူးဖော်နေမှုကို လည်းကောင်း၊ ကိုကိုးကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့ စခန်းကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည် များမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးဝင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်ကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့နယ် လေယာဉ်ကွင်း၏လေယာဉ်ပြေးလမ်းအား ပေ ၄၄၀၀ မှ ပေ ၅၀၀၀အထိ တိုးချဲ့ဖောက်လုပ် ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းသို့ သွားရောက်၍ သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာဖြင့် နေ့စဉ်ထုတ်သတင်းစာများ ထုတ်ဝေဖတ်ရှုနိုင်မှုကို ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က ကိုကိုးကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုက လှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံကို ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ဆေးရုံ၌ တက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေသည့် သံဃာတော်များနှင့် လူနာများအား လှူဒါန်းထောက်ပံ့ငွေများ ဆက်ကပ်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား တွေ့ဆုံ၍ မိသားစုစကားဝိုင်းအသွင်ဖြင့် အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝမြင့်မားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းရေလှောင်တမံသို့ သွားရောက်၍ ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေနှင့် ရေလှောင်တမံအနီးရှိ ရေဂါလန် ၁၂၀၀၀ဆံ့ သံကူကွန်ကရစ်ရေစင်တို့ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ကိုကိုးကျွန်းမြို့နယ်မှ ပြန်လည်ထွက်ခွာခဲ့သည်။ (သတင်းစဉ်)

❋ ကာကွယ်ရေးမှ

ဒုတိယတိုင်းမန်နေဂျာ ဦးကျော်မြင့်က ခြံခွဲအတွင်း ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်း ၂၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ပဲခူးတိုင်းတွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးမည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်စိုးက ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ရော်ဘာ ၅၁၉၃၁ ဧက စိုက်ပျိုးပြီးစီးမှု၊ ယခုနှစ်တွင် ရော်ဘာပျိုးပင် သိန်း ၅၀ ပျိုးထောင်ထားရှိမှုနှင့် ရော်ဘာဧက ၂၃၈၀၀ တိုးချဲ့စိုက်ပျိုးမည့် အခြေအနေများ၊ ငရုတ်ကောင်းနှင့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အစီအစဉ်များကိုလည်းကောင်း မြန်မာ့စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်း ကျောက်တိုင် မှိုစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းမန်နေဂျာ ဒေါ်ခင်အေးချိုက ၂၀၀၅-၂၀၀၆ ခုနှစ်တွင် လင်ဇီးမှိုခြောက် ၈၉ ဒသမ ၄၁ ပိဿာ၊ ငွေနှင်းမှိုအစို၊ အခြောက်နှင့် ကြွက်နား ရွက်မှို ၂၄၉၇ ဒသမ ၉၇ ပိဿာ စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စိုက်ပျိုးရေးစီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိစေရန် မျိုးပွားပုံနည်းစနစ်မှန်ကန်စေရေး၊ ခြံစည်းရိုးကြက်ဆူပင်များ ကိုင်းဖြတ်ပြုပြင်ပြောင်းလဲပုံ မှန်ကန်စေရေးအတွက် စနစ်တကျ ဆောင်ရွက်ရေးဆွေးနွေးမှာကြားကာ လုပ်ငန်းလိုအပ်ချက် များညှိနှိုင်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဆေးဖက်ဝင်လင်ဇီးမှိုစိုက်ပျိုးထားမှု၊ လင်ဇီးမှိုစိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပျိုးပင်များ၊ ကတ်တီမိုးကော်ဖီပျိုးပင်များ၊ လင်ဇီးမှို၏ ထူးခြားသောဆေးဖက်ဝင်မှုများ၊ ခင်ကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျောက်တိုင်ခြံခွဲ အတွင်း တစ်နှစ်သားအရွယ် ကတ်တီမိုး ကော်ဖီပျိုးပင် ၁၄၁၂၀၀ ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ပဲခူးတိုင်းအနေဖြင့် ကော်ဖီသီးနှံကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၁၄၀၂ ဧက၊ ကရင်ပြည်နယ် သံတောင်မြို့နယ်တွင် ၇၃၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် တိုးချဲ့စိုက်ပျိုးရန်အတွက် ကတ်တီမိုးကော်ပီပျိုးပင် ၁၄၀၀၀၀ ကျော် ပျိုးထောင်ထားရှိပြီးဖြစ်သည်။ ရော်ဘာအနေဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၅၁၉၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၂၃၈၀၀ တိုးချဲ့စိုက်ပျိုးမည်ဖြစ်သည်။

ခြံစည်းရုံးကြက်ဆူပင်ကို ယခုနှစ်တွင် ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးနိုင်ရေး အတွက် ပျိုးထောင်ထားရှိပြီးဖြစ်ကာ ငရုတ်ကောင်းသီးနှံအား ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက ၁၇၀၀ စိုက်ပျိုးပြီးဖြစ်၍ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၂၅၀၀ အထိ တိုးချဲ့စိုက်ပျိုးရန်လျာထား ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း ခရိုင်ချင်းဆက်လမ်းအမှတ်(၂) သစ်ကြိမ်း-ထုံးဘိုကြီးလမ်းပိုင်း ဖောက်လုပ်မှုနှင့် ထုံးဘိုကြီးကျေးရွာနှင့် ကရင်ချောင်းတံတားကြားရှိ မိုင်တိုင်အမှတ် (၃၁/၆)၌ စက်ယန္တရားများဖြင့် ကျောက်လမ်း ခင်းကျင်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ခရိုင်ချင်းဆက်လမ်း

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့သည် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ခြင်းလုပ်ငန်း သစ်ကြိမ်း-ထုံးဘိုကြီးလမ်းအပိုင်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစန်းမော်ခင်က ခရိုင်ချင်းဆက်လမ်း အမှတ်(၂) သစ်ကြိမ်း-ထုံးဘိုကြီးလမ်းလုပ်ငန်း ဆောင်ရွက်နေမှု၊ သစ်သားတံတား ၁၅စင်းနှင့် ရေပြွန်တံတား ၃၂ စင်း တည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများ အသုံးပြုနိုင်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြေသားလမ်းမြင့်တင်မှုအား မိုးမကျမီ အပြီးသတ်ဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီပြီးစီးအောင် တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အရှည်ပေ ၁၅၀၊ အကျယ် ၁၄ ပေရှိ ကရင်ချောင်းတံတား ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၂၂/၅)တွင် စက်ယန္တရားများဖြင့် မြေညှိခြင်း၊ တာပေါင်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရေတာရှည်မြို့နယ် နဂျပ်ကျေးရွာအုပ်စု၌ ဒေသတွင်း ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် နွေစပါး မနောသုခ၊ သုခရင်ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်သီးစား၊ နှစ်သီးစားမှသည် သုံးသီးစားအထိ ရာသီပတ်လုံး သီးနှံများစိုက်ပျိုးကြရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အတူ ရေတာရှည်မြို့နယ်ရှိ နဂျပ်ချောင်းရေမြှင့် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နဂျပ်ချောင်းရေမြှင့်အဆောက်အအုံမှာ ကျောက်ဖြည့် အဆောက်အအုံ အမျိုးအစားဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ရေတာရှည်မြို့နယ်၊ နဂျပ်ချောင်း ဒေသတွင် လယ်မြေဧက ၁၀၀၀ ကျော်ကို နွေစပါးစိုက်ပျိုးနိုင်မည့်အပြင် မိုးစပါးအောင်ရေ လိုအပ်ပါကလည်း ရေပေးသွင်းနိုင်မည်ဖြစ်သည်။

မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လမ်းပိုင်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုပြီး နဂျပ်ချောင်းတံတားနှင့် ရေငန်ချောင်းတံတားတည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၁၄/၇)တွင် စက်ယန္တရားများဖြင့် ကျောက်လမ်းခင်းကျင်းဆောင်ရွက်နေမှု၊ ငွေးသဲတံတား ပိုင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အတက်ကြီးရွာအနီး မိုင်တိုင်အမှတ်(၁၀)တွင် လမ်းဆင်ခြေလျှော နှိမ့်ချဖောက်လုပ်မှုနှင့် ရေပြွန်တံတား တည်ဆောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းအတွင်းရှိ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) သစ်ကြိမ်း-ထုံးဘိုကြီး လမ်းပိုင်းသည် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းတွင် ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၃၃ မိုင် ခြောက်ဖာလုံရှိ လမ်းဖြစ်ပြီး ၂၀၀၆-၂၀၀၇ခုနှစ် အတွင်း ကျောက်ချောလမ်းအဖြစ် အပြီးသတ် ဖောက်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ပထမကျော်အောင်စံထား စာပေဆုရစာရင်းကြေညာ

ရန်ကုန် ဧပြီ ၆

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ပိုက်သင်ရွာ၊ ရှင်ကရဝိက စာကြည့်တိုက်မှ ကဗျာနှင့် ဆောင်းပါး စာပေပြိုင်ပွဲ ကျင်းပရာ ကဗျာစာမူဆုတွင် ပထမဆုရ နံ့သာမြေ မောင်ပြေသင်း၊ ဒုတိယဆုရ အရှင်သုမန (မဏိထူပ) ပဲခူးမြို့နှင့် တတိယဆုကို စိုးပိုင် (အိုးပြွန်)တို့က ရရှိကြပြီး ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဝတ်ရည်စိုး၊ ဒုတိယဆုရ နေဦးမောင် (ပခုက္ကူ)နှင့် တတိယဆုကို ရဲအုပ်သန်းဝင်း(ပုခန်းကြီး)တို့က ရရှိသည်။

ဆုရသူများသည် ဧပြီ ၁၁ ရက်တွင် မြိုင်မြို့နယ် ပိုက်သင်ရွာ၌ ကျင်းပမည့် ဆုရစာတမ်းဖတ်ပွဲသို့ ကိုယ်တိုင်တက်ရောက် စာတမ်းဖတ်ကြရမည်ဖြစ်ပြီး ဧပြီ ၁၂ ရက်တွင် ပူဇော်ပွဲနှင့် ဆုနှင်းသဘင်သို့ တက်ရောက်ဆုယူကြရ မည်ဖြစ်သည်။

ပဲခူးမြို့မှ ဆုလာရောက်ယူသူအား ခရီးစရိတ် ကျပ်သုံးသောင်းကိုလည်း ဆုကြေးငွေနှင့်အတူ ပူးတွဲချီးမြှင့်မည်ဟု သိရသည်။ (၂၃)

✳ ကျောဖုံးမှ

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် မိဘဂုဏ်ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ မိဘဂုဏ်ခန်းမ အလှူရှင် ဦးထွန်းကြိုင်တို့က မိဘဂုဏ်ခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိဘဂုဏ်ခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စိုက်ပျိုးပေး

ထို့နောက် မိဘဂုဏ် ဘိုးဘွားရိပ်သာဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူအစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်တို့ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူ မျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်တို့ကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ခြံစည်းရိုး ကြက်ဆူပျိုးပင် အပင် ၃၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေသည်ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မိဘဂုဏ်ခန်းမအတွင်း၌ ကျင်းပသည့် မိဘဂုဏ်ဘိုးဘွားရိပ်သာအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး အလှူငွေများကို လက်ခံသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မိဘဂုဏ် ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ မိဘဂုဏ်ခန်းမ အလှူရှင် ဦးထွန်းကြိုင်က ဘိုးဘွားရိပ်သာ ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်တင်-ဒေါ်တင်တင်ဝင်း မိသားစု၏ လှူဒါန်းငွေကျပ် ၁၄ သိန်း၊ မောင်မင်းထက်ကျော်-မမြပွင့်ဖြူ မိသားစု၏ လှူဒါန်းငွေကျပ် ခြောက်သိန်းနှင့် မောင်စစ်နိုင်ထွန်း-မငြိမ်းချမ်းသူတို့၏ လှူဒါန်းငွေကျပ် ငါးသိန်းတို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော မဆုမွန်မောင်မောင်၊ မိုးမြင့်မောင်မောင်၊ မောင်နေဝင်းသိန်း၊ မောင်ဖြိုးဝင်းသိန်းနှင့် ဦးဘသက်-ဒေါ်ခင်ရီတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးအုံးလှိုင်-ဒေါ်လှလှရီ၊ ဒေါက်တာသန်းထွဋ်အောင်-ဒေါ်ယဉ်မော်ဦး၊ ဦးစိုးမင်းမိသားစု၊ ဦးကျော်တင့်-ဒေါ်ခင်မုန်း၊ ဦးအေးဖရင့်-ဒေါ်ရိုစီ၊ ဦးလှခိုင်-ဒေါ်အေးမြိုင်၊ ဦးဘိုရှိ-ဒေါ်အေးအား အမှူးထား၍ သမီးဒေါ်သန်း၊ဒေါ်ရှမ်းနှင့် ဒေါ်တင်မိသားစုတို့က ငွေကျပ်နှစ်သိန်းစီနှင့် ဦးကိုးမောင်-ဒေါ်မြသန်း၊ ဦးအောင်မြင့်ကျော်-ဒေါ်ခင်ခင်ဥ၊ ဦးကျော်သန်း(ဓာတ်ပုံ)မိသားစု၊ ဦးဝင်းကျော်-ဒေါ်ခင်မြ၊ ဦးစိန်မောင်-ဒေါ်စန်းစန်းအေး၊ ဦးစန်းဝင်းအောင် - ဒေါ်ဝင်းဝင်းမြင့်၊ ဦးဘာလဲယား မိသားစုနှင့် ဦးအုန်းကြွယ်မိသားစုတို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ တွံတေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့် မိဘဂုဏ်ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကြိုင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယနေ့ အလှူရှင် ၂၂ ဦးတို့က လှူဒါန်းသည့် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၆၄ သိန်းဖြစ်ကြောင်း သိရှိရသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ တွံတေးမြို့နယ် ဘုရားငုတ်တိုရွာ အနီးရှိ တွံတေးတံတား တည်ဆောက်ရေးစီမံကိန်းရုံး ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က တံတား တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တံတားကြမ်းခင်းကွန်ကရစ် လောင်းပြီးစီးမှု၊ တံတားဘေး လက်ရန်းတိုင်များ ပြီးစီးမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

တွံတေးတံတားမှာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီး ဧပြီလကုန်တွင် ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တွံတေးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ တွံတေးတံတားမှ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

● နေအိမ်တိုင်းမှ

တောင်ကိုရီးယားအစိုးရသည် နေအိမ်သုံးစက်ရုပ်များ တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ နေအိမ်သုံးစက်ရုပ်များတွင် အင်္ဂလိပ်စာသင်ကြားပေးမည့်စက်ရုပ်၊ ဖျော်ဖြေရေးစက်ရုပ်၊ နေအိမ်သန့်ရှင်းရေးပြုလုပ်ရာတွင် အသုံးပြုနိုင်သောစက်ရုပ်စသည်ဖြင့်ပါဝင်သည်။

နေအိမ်သုံးစက်ရုပ်များအပြင် အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင်လည်း စက်ရုပ်များထားရှိကာ အများပြည်သူကို အထောက်အကူပေးရန် ရည်မှန်းထားသည်။ လမ်းများပေါ်တွင် လမ်းပြ စက်ရုပ်များ ထားရှိသွားမည့်အပြင် စာတိုက်ကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၌ စက်ရုပ်များကို ထားရှိမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ဖျော်ဖြေရေးစက်ရုပ်များ အသုံးတွင်ကျယ်လာမည်ဟု မျှော်လင့်ရသည်။ သိပ္ပံပညာရှင်များသည် သီချင်းဆိုခြင်းနှင့် ကပြခြင်းကို ပြုလုပ်နိုင်သောစက်ရုပ်များကို တီထွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ စက်ရုပ်များကို အများပြည်သူ လုံခြုံရေးလုပ်ငန်းများ၌လည်း အသုံးပြုနိုင်သည်။ ကင်းလှည့်စောင့်ကြပ်ပေးနိုင်သော စက်ရုပ်၊ လုံခြုံရေးအစောင့်စက်ရုပ်၊ အဆောက်အအုံ လုံခြုံရေးတာဝန်ယူမည့်စက်ရုပ်စသည်ဖြင့် စက်ရုပ်အမျိုးမျိုးကို ကုမ္ပဏီများက စီးပွားဖြစ်ထုတ်လုပ်ရန် အစိုးရကရည်မှန်းထားသည်။

တောင်ကိုရီးယားအစိုးရ၏ စက်ရုပ်စီမံကိန်းအရ လာမည့် ၁၀ နှစ်မှ ၁၅နှစ်အတွင်း အဆင့်မြင့်နည်းပညာ အခြေခံသည့် နိုင်ငံတော်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အောက်ရှိ စက်ရုံစီမံကိန်းဌာနမှ မန်နေဂျာ အိုစံရောခ်က ပြောကြားသည်။ **အင်တာနက်။**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာဝင်း အတွင်း၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် မိဘဂုဏ်ခန်းမအလှူရှင် ဦးထွန်းကြိုင်တို့က တွံ့တေးမြို့နယ် မိဘဂုဏ် ဘိုးဘွားရိပ်သာရှိ မိဘဂုဏ်ခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ကြက်ငှက်သေဆုံးမှုသတင်းပေးပို့မှုနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရောဂါရှာဖွေစစ်ဆေးမှုများပြုလုပ်ပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၆

မြန်မာပြည်အလယ်ပိုင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းဒေသအချို့တွင် ကြက်ငှက်သေဆုံးမှုနှင့်ပတ်သက်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်ကာလ မတ်လပထမပတ်မှ ဧပြီ ၂ ရက်အတွင်း အနယ်နယ်အရပ်ရပ်မှ သေဆုံးခဲ့သည့် ကြက်၊ ခို၊ ကျီး၊ စာ စသောသေဆုံးမှု သတင်းများနှင့်အတူ အသေကောင်များကို ရန်ကုန်ဗဟိုတိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် မန္တလေးဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများမှ လက်ခံ၍ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းအတွင်း စမ်းချောင်းမြို့နယ်၊ လှည်းကူးမြို့နယ်၊ တွံတေးမြို့နယ်၊ အင်းစိန်မြို့နယ်၊ သာကေတမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့မှ ကြက်၊ ခို၊ ကျီး၊ စာ သေဆုံးမှုဖြစ်စဉ် ၂၀ရှိကြောင်း၊ အသေကောင်နမူနာများကို ချက်ချင်းအဖြေသိစစ်ဆေးနည်း (Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း (HA Test) ၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း (HI Test) တို့ဖြင့် စစ်ဆေးရာတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးတိုင်းအတွင်း မြင်းခြံမြို့နယ်၊ မြောင်မြို့နယ်၊ တောင်သာမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့ရှိ ကြက်ခြံငါးခြံ၌ ကြက်သေဆုံးမှုဖြစ်စဉ်များအရ ကြက်အသေကောင်နှင့် ခိုအသေကောင်တို့ကို မန္တလေးဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ပေးပို့လာရာတွင် အထက်ပါစစ်ဆေးနည်းများအတိုင်း စစ်ဆေးရာ မဟာအောင်မြေမြို့နယ်ရှိ ကြက်ကောင်ရေ ၆၃၀ မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး စစ်ဆေးတွေ့ရှိရပြီး ကျန်ဖြစ်စဉ်ဖြစ်ပွားသည့် မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရဘဲ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိသည့် မဟာအောင်မြေမြို့နယ်ရှိ ကြက်ခြံမှ ကြက်များကို ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သုတ်သင်ဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အလားတူမကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ်(၈) ရပ်ကွက် ကြက်ခြံတစ်ခြံ၌ ကြက်သေဆုံးမှုသတင်းနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ ဥစားကြက်ကောင်ရေ ၇၀၀မွေးမြူထားရှိသည့် ကြက်ခြံတစ်ခြံ၌ ကြက် ၁၃ကောင်မှာ အပူရှပ်၊ ချွဲကြပ်သေဆုံးခြင်းဖြစ်ကြောင်းနှင့် ကျန်ကြက်များ ကျန်းမာလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်းသိရှိရသည်။

ရွှေဘိုမြို့နယ်တွင် ကြက်ကောင်ရေ ၁၈၀ မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ကြက်နှစ်ကောင်သေဆုံးကြောင်းသတင်းပေးပို့ချက်အရ ရောဂါစစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်လည်လိမ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့်ကြက်များကျန်းမာလျက်ရှိကြောင်းသိရှိရသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေးစီမံကိန်း ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးအား ရွှေစင်ရွှေပြား၊မျက်ပါးရွှေသင်္ကန်းတော်များကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များ ပြုပြင်မွမ်းမံရေး၊ မျက်ပါးရွှေသင်္ကန်းကပ်လှူရေးအတွက် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနေ(Bharat Restaurant) နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ဦးသန်းဝင်း-ဒေါ်သီတာမိသားစုက ရွှေသင်္ကန်းကပ်လှူရေးအတွက် ငွေကျပ် ၁၀၀၀၀၀ကို ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်နှင့် ဦးကြိုင်မြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ဒုတိယ စံပြရပ်ကွက်၊ သုဇနလမ်းနေ ဦးသန်းအေးကျော်မိသားစုက ဒဂုံမြို့နယ်၊ အမှတ် (၁၂)၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ နိုင်ငံ့ဝန်ထမ်းများမှ

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဘက်စုံမွေးမြူရေးခြံအတွင်း ရော်ဘာပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေ၊ ကျိုင်းတုံကောလိပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် တောင်ကုန်းများတွင် ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးမည့်အစီအစဉ်၊ ကျိုင်းတုံ-တာချီလိတ် လမ်းဘေးဝဲ/ယာတို့၌ ရော်ဘာနှင့် နေကြာများ စနစ်တကျစိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေ၊ နွေစပါး၊ သရက်၊ သံပရာ၊ ကြက်ဆူပင်အပါအဝင် စိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန် မြေယာဖော်ထုတ်မှု၊ တပ်ရင်း တပ်ဖွဲ့များအတွက် PRIM-623အမျိုးအစားရော်ဘာပင် ၄၆၄၆၀ ပျိုးထောင်ထားရှိမှုအခြေအနေ၊ T-774 ရော်ဘာမျိုးမှ ကိုင်းပွားပင် ၄၈၀၀ကို အဆင့်ဆင့်ကိုင်းကူးမျိုးပွားဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၂၀၀၅-၂၀၀၆ခုနှစ်၌ တပ်ရင်းတပ်ဖွဲ့များနှင့် ပုဂ္ဂလိကများ၏ ရော်ဘာစိုက်ပျိုးပြီးစီးမှုအခြေအနေမှာ ကျိုင်းတုံခရိုင်၌ ၁၉၈၈ဧကေ၊ မိုင်းဆတ်ခရိုင်၌ ၅၁၂ဧက၊ မိုင်းဖြတ်ခရိုင်၌ ၂၀၀၆ဧက၊ တာချီလိတ်ခရိုင်၌ ၂၈၅၇ဧက စုစုပေါင်း ၇၃၆၃ဧက စိုက်ပျိုးပြီးဖြစ်သည်။ ဆက်လက်၍ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၅၀၉၈၆ဧကနှင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၄၁၆၅၁ဧက နှစ်စဉ်တိုးချဲ့၍ စုစုပေါင်း ရော်ဘာ ဧကတစ်သိန်းအထိ စိုက်ပျိုးသွားရန်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်းရှိ တီလားပီးယားငါးများ မွေးမြူထားရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ နံနက် ၈နာရီ မိနစ် ၅၀တွင် တာချီလိတ်မြို့သို့ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာ၍ ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်လမ်းပိုင်းအခြေအနေ၊ နွေစပါးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကို ရဟတ်ယာဉ်ပေါ်မှကြည့်ရှုစစ်ဆေးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၂၈၅ပေရှိ တာချီလိတ်မြို့သို့ နံနက် ၉နာရီခွဲတွင်ရောက်ရှိရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ချစ်ကြည်ရေးတံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများအားတွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာချီလိတ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

မွန်းလွဲ ၂နာရီတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အတူ တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား တာချီလိတ် ခရိုင်အတွင်းရှိ ဌာနဆိုင်ရာ အကြီးအကဲများက တစ်ဦးချင်း ဂါရဝပြုမိတ်ဆက်ကြသည်။

ယင်းနောက် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက တာချီလိတ်ခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေ၊ ဒေသဝမ်းစာ ဖူလုံရေးဆောင်ရွက်နေမှုနှင့် ဒေသတွင်းစိုက်ပျိုးသီးနှံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ အမှာ စကားပြောကြားရာတွင် တာချီလိတ်ခရိုင်သည်အရေးပါသည့် နယ်စပ်ဒေသဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများသည်လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊စည်းကမ်းများနှင့်အညီ အမျိုးသားရေးအမြင်ဖြင့် စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင်မိမိဇာတိရပ်ရွာကဲ့သို့ သဘောထားပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထားလုပ်ဆောင်ကြရန်မှာကြားလိုကြောင်း။

တာချီလိတ်ခရိုင်သည်မိုးစပါး၊ နွေစပါးများ တိုးတက်ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်းတွေ့ရ၍ ဝမ်းသာကြောင်း၊ ဒေသဝမ်းစာဖူလုံရေးကိုအထူး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဒေသစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး၊ နှစ်ရှည်ပင်စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကို ဌာနဆိုင်ရာများက ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပြည်နယ်ရုံးစိုက်ရာမြို့တွင် တစ်လတစ်ကြိမ် ဆန္ဒဖော်ထုတ်ပွဲအစည်းအဝေး ပုံမှန်ကျင်းပကြရန်လိုကြောင်း။

ယခုလိုဌာနဆိုင်ရာတာဝန်ရှိသူများ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းများအောင်မြင်ရေး တက်ညီလက်ညီကြိုးစားကြ၍ နိုင်ငံတော်၌ စီးပွားရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

သို့ပါ၍ ဖွံ့ဖြိုးတိုးတက်ရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ တာချီလိတ်ရွှေတိဂုံစေတီတော် သို့ ရောက်ရှိ၍ လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး ပန်း၊ရေ၊ ဆီမီး၊ အမွှေးနံ့သာများကို ဆက်ကပ်လှူဒါန်းကာ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် တာချီလိတ်လေဆိပ် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က တာချီလိတ်လေဆိပ်နှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မိုင်းဖြတ်မြို့သို့ ထွက်ခွာခဲ့ရာ ညနေ ၅နာရီမိနစ်၂၀တွင် မိုင်းဖြတ်မြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှစီးပွားရေးကောင်စစ်ဝန်နှင့် မြန်မာစီပီကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာတို့ Blazon Department Store ၏ Food Fair ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အစားအစာအရောင်းဆိုင် ဖွင့်လှစ်

ရန်ကုန် ဧပြီ ၆

Blazon Department Store ၏ မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ကို ကြိုဆိုသောအားဖြင့် အစားအစာမျိုးစုံ ခင်းကျင်းပြသရောင်းချသည့် Food Fair ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် အမှတ်(၇၂) ဦးဝိစာရလမ်းနှင့်ချင်းတွင်းလမ်းထောင့်ရှိ Blazon Department Store တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ Food Fair ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန် မစ္စတာ မတ္တာရာဝုန် အမတ္တာရာကူးနှင့် မြန်မာစီပီ ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ မစ္စတာ ဒီလော့စရီပန်ဆိုပ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်း Food Fair ကိုယနေ့မှ ဧပြီ ၁၂ရက်အထိ ရန်ကုန် နှင့် မန္တလေး Blazon တို့၌ မွန်းလွဲ ၂နာရီမှ ည ၇နာရီအထိ တစ်ပြိုင်တည်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ Food Fair တွင် SS Food. Love Boat. TZK. CP. Fair Deal တို့မှ ဆိုင်ခန်းများဖွင့်လှစ်ပြီး ပြင်ပမှတင်သွင်းသော အဆင်သင့်စားသုံးနိုင်သော အစားအစာမျိုးစုံ၊ ဆော့(စ်)အမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ခေါက်ဆွဲခြောက်မျိုးစုံ၊ အအေးမျိုးစုံ၊ ထိုင်းဝက်အူချောင်း၊ ကြက်အူချောင်း၊ ငါးအူချောင်း အမျိုးမျိုးနှင့် Scotch အမှတ်တံဆိပ် ကြက်ပေါင်းရည်၊ ငှက်သိုက်ရည်မျိုးစုံတို့ကို အရသာမြည်းစမ်းခွင့်နှင့်အတူစုံလင်စွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း အမှတ်(၉)တွင် ၂၀၀၅-၂၀၀၆ခုနှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် စတုတ္ထတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲနှင့် ၂၀၀၄-၂၀၀၅ခုနှစ် ဆုရကျောင်းသား၊ ကျောင်းသူများဆုချီးမြှင့်ပွဲကို မတ် ၂၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဌေးက သူငယ်တန်းတွင်ပထမဆုရ မောင်ရဲထက်အား ဆုပေးအပ်စဉ်။ (ပညာရေး)

နံရံကပ်စာစောင် ပြပွဲ ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၆

မင်္ဂလာဒုံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်သဃ်န်းကျွန်းကြီးစံပြကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်လှူဒါန်းပွဲကို သဃ်န်းကျွန်းကြီးစံပြကျေးရွာ ရတနာအောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် မတ် ၂၈ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှအောင်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်သန်းသန်းလှ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးအောင်ထွန်းတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းကြသည်။ (မြို့နယ်ပြန်/ဆက်)

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	လွယ်ကူသက်သာစားစရာ (ခေါက်ဆွဲပြုလုပ်ပုံ)
၇း၂၀	Myanmar Video Rhythm(26)
၈း၁၀	ဂီတသံစဉ်အလှဆင်
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	ဖြည့်ဆည်းအားပေးကလေးနှင့် လူငယ်စောင့်ရှောက်ရေး
၈း၄၀	ခါသင်္ကြန်အဆိုအက
၈း၄၅	မိုလေဝသ ခန့်မှန်းချက်
၈း၅၀	လတန်ခူးပေမို့
၉း၀၀	ခါသင်္ကြန်အဆိုအက
၉း၀၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (ကုန်အမှတ်တံဆိပ်) (Trade Mark)
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	ခါသင်္ကြန်အဆိုအက
၉း၃၀	အခြေခံဘော်လီဘောကစားနည်း နည်းစနစ်များ (အပိုင်း-၁)
၉း၄၅	လူငယ်အာဟာရ (မောင်မောင်ဇော်လတ်) (The Ants နှင့်တွေ့ဆုံခြင်း)
၁၀း၁၅	ခါသင်္ကြန်အဆိုအက
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိုဂျူဆာဂက်စ်ကိုသုံးကြစို့
၁၀း၄၅	ခါသင်္ကြန် အဆိုအက
၁၀း၅၀	အိမ်ထောင်စု လူဦးရေစာရင်းနှင့်ပတ်သက်၍ သိကောင်းစရာ
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	ခါသင်္ကြန်အဆိုအက
၁၁း၁၅	ဒါးကတံတား
၁၁း၂၅	ဗီစီဒီမိတ်ဆက် (ငါမုန်းတဲ့သင်္ကြန်)
၁၁း၄၅	ပတ်ဝန်းကျင်ကိုအလှဆင်နေသောရောင်စုံကွန်ကရစ် အုတ်ဘလောက်တုံးလေးများ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၆

ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၃မြို့နယ်တို့မှ စက်ရုံအလုပ်ရုံနှင့် ဌာနဆိုင်ရာများစုပေါင်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အလုံမြို့နယ် အလုံလမ်းရှိ ရန်ကုန် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်အားပေးကြသည်။

ပြန်လည်ပေးအပ်

အခမ်းအနားတွင် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအလိုက် စက်ရုံအလုပ်ရုံနှင့် ဌာနဆိုင်ရာများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာများပေးအပ်ကြရာ ကမာရွတ်မြို့နယ်မှ ၂၉၇စောင်၊ ကျောက်တံတားမြို့နယ်မှ ၅၂၅စောင်၊ ကြည့်မြင်တိုင်မြို့နယ်မှ ၁၅၀၀စောင်၊ စမ်းချောင်းမြို့နယ်မှ ၁၆၆ စောင်၊ ဆိပ်ကမ်းမြို့နယ်မှ ၁၇၁ စောင်၊ ဒဂုံမြို့နယ်မှ ၆၈စောင်၊ ပန်းဘဲတန်းမြို့နယ်မှ ၁၅၅စောင်၊ ဗဟန်းမြို့နယ်မှ ၁၀၀၁စောင်၊ မရမ်းကုန်းမြို့နယ်မှ ၂၉၆၉စောင်၊ လသာမြို့နယ်မှ ၄၅စောင်၊ လမ်းမတော်မြို့နယ်မှ ၇၁၃စောင်၊ လှိုင်မြို့နယ်မှ ၂၄၈၇စောင်နှင့် အလုံမြို့နယ်မှ စောင်ရေ ၈၀၀ စုစုပေါင်း ၁၀၈၉၈စောင်ကို ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံရယူပြီး အသင်းဝင် အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်သည်။

(အပေါ်ဝဲပုံ) (၁၉)

ရဟန်းခံရှင်ပြု

သဃ်န်းကျွန်းမြို့နယ် ဇ–မြောက်ရပ်ကွက် လူငယ်နိဗ္ဗာန်ဆော်အဖွဲ့မှ ကြီးမှူး၍ ရဟန်း ၁၂ပါး၊ ရှင်သာမဏေ ၁၉ပါးတို့အား ၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်က ရဟန်းခံရှင်ပြုအလှူပွဲကျင်းပစဉ်။ (က–ပ)

အဆင့်မြင့်တန်း ရှုံးထွက်ကွာတားဖိုင်နယ် ပြည်ထဲရေးက ဆောက်လုပ်ရေးကို အနိုင်ရ အချိန်ပိုအထိ သရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်

ရန်ကုန် ဧပြီ ၆

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ စတုတ္ထကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆောက်လုပ်ရေးအသင်းနှင့် ပြည်ထဲရေးအသင်းတို့သည် ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ သာမန်ကစားချိန် မိနစ် ၉၀တွင် တစ်ဂိုးစီသရေ၊ အချိန်ပိုမိနစ် ၃၀တွင် တစ်ဖက် တစ်ဂိုးစီ ထပ်မံသွင်းယူပြီး နှစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ပြည်ထဲရေးအသင်းက ငါးဂိုး–လေးဂိုး စုစုပေါင်း ခုနစ်ဂိုး–ခြောက်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပြည်ထဲရေးအသင်း – ခုနစ်ဂိုး
(စည်သူဝင်း နှစ်ဂိုး၊ ဇော်လင်းထွန်း၊ နေသူလှိုင်၊ ချစ်ကိုကို၊ မျိုးဝင်းအောင်နှင့် နေလင်းထွန်း တစ်ဂိုးစီ)

ဆောက်လုပ်ရေးအသင်း – ခြောက်ဂိုး
(တင်ဇော်မိုး၊ မင်းမင်းထွန်း၊ စိုးသီဟအောင်၊ ကျော်ဇင်ညွန့်၊ လာကျဲအိုလွယ်နှင့် ထွန်းလင်းအောင် တစ်ဂိုးစီ)

ဒိုင်လူကြီး – ဦးလှတင်

ယမန်နှစ်ဒုတိယဆုရှင် ဆောက်လုပ်ရေးအသင်းမှာ သာမန်ကစားချိန်မိနစ် ၉၀တွင်လည်းကောင်း၊ အချိန်ပို မိနစ် ၃၀တွင်လည်းကောင်း၊ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာတွင်လည်းကောင်း သုံးကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူနိုင်သော်လည်း အနိုင်ကို မထိန်းနိုင်၍ အကြိုဗိုလ်လုပွဲနှင့် ဝေးရခြင်းဖြစ်သည်။ ပြည်ထဲရေးအသင်းမှာ အရှုံးမှလိုက်ကစားခဲ့ရပြီး ကြိုးစားမှုကောင်း၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပြည်ထဲရေးအသင်းသည် အကြိုဗိုလ်လုပွဲ၌ မြို့တော်စည်ပင်အသင်းနှင့် ဧပြီ ၈ ရက်တွင် ကစားရမည် ဖြစ်သည်။

အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသော ပြည်ထဲရေးအသင်း နည်းပြချုပ် ဒုတိယရဲမှူး သန်းအေးက “မိမိတို့အသင်း အရှုံးကနေလိုက်ကစားရသည့်အတွက် ကလေးတွေ ကြိုးစားမှုကောင်းပြီး ညီညီညွတ်ညွတ်ကစားနိုင်၍ အနိုင်ရသွားခြင်းဖြစ်ကြောင်း၊ မိမိတို့အသင်း အားနည်းနေသည့်နေရာများရှိသည့်အတွက် အတော်ပင် အားထည့်ကစားခဲ့ရကြောင်း၊ မြို့တော်စည်ပင်နှင့်အကြိုဗိုလ်လုပွဲတွင် အသင်းမှ အမာခံ ကစားသမားများဖြစ်သည့် နေသူလှိုင်၊ စည်သူဝင်းနှင့် ခင်မောင်ထွေးတို့ ပွဲပယ်ခံထား၍ အားနည်းနေမည်ဖြစ်ကြောင်း၊ ထို့အတွက် အနိုင်ရအောင် အတော်ပင် ကစားရမည်ဖြစ်ကြောင်း၊ မြို့တော်စည်ပင်မှာ အသင်းကောင်းတစ်သင်း ဖြစ်သော်လည်း မိမိတို့က နိုင်ချင်စိတ်ပြင်းပြလျှင် ဘာမဆိုဖြစ်လာနိုင်ကြောင်း” ပြောကြားသွားသည်။

ယနေ့ပွဲ

(အောင်ဆန်းကွင်း)
ပထမအကြိုဗိုလ်လုပွဲ
ပို့ဆောင်ရေးနှင့် စွမ်းအင်

(ကြေးမုံ)

ပဲခူးတိုင်း မင်းလှမြို့ (အထက) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဧပြီ ၆

ပဲခူးတိုင်း မင်းလှမြို့ (အထက) ကျောင်းသားဟောင်းများ၏ အကြိမ် (၂၀)မြောက် မြတ်ဆရာပူဇော်ပွဲကို မင်းလှမြို့တွင်း (အထက) သပြေခန်းမတွင် ဧပြီ ၁၇ရက် မြန်မာနှစ်ဆန်းတစ်ရက် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့လိုသူများသည် ရန်ကုန်မြို့တွင် ဦးတင်အောင် ဖုန်း–၅၂၆၇၃၅၊ ဦးသန်းစိုး ဖုန်း–၅၃၄၇၃၆၊ ဦးမြင့်အောင် ဖုန်း–၆၉၉၄၀၆၊ ဦးမြင့်ဆွေ ဖုန်း–၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း–၅၀၁၀၅၁၊ မင်းလှမြို့တွင် ဦးကြင်စိုး၊ ဒေါက်တာသန်းလွင်၊ ဒေါ်စမ်းမော်ချို၊ ဒေါ်တင်တင်အေး၊ ဦးမြတ်ကို ဖုန်း–၀၅၃–၃၀၀၂၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ယဉ်ကျေးမှုသကြၤန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဆောက်လုပ်ရေးတိုက်စစ်မှူး ဆန်းဒေးသိန်းနှင့် ပြည်ထဲရေးနောက်ခံလူတို့ ရင်ဆိုင်အတွေ့။ ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

ပေးအပ်လှူဒါန်း

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ ရန်ကုန်မြို့ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာ ဆောက်လုပ်နိုင်ရန်အတွက် ဘုရင့်နောင်လမ်း ရွှေပေါက်ကံမြို့နယ်နေ ဒေါ်သန်းသန်းမြင့် မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ရိပ်သာဒုတိယဥက္ကဋ္ဌ ဦးခင်လှိုင် လက်ခံရယူစဉ်။ (က–ပ)

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်၊
၂။ ကစားသူ ထောင်(၃)နှစ်၊
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၆–ခုနှစ်၊ ဧပြီလ (၇)ရက်

ကမ္ဘာ့ကျန်းမာရေးနေ့
WORLD HEALTH DAY

ကျန်းမာစွမ်းအား ဖွံ့ဖြိုးဖို့ လက်တွဲပါဝင်ဆောင်ရွက်စို့
WORKING TOGETHER FOR HEALTH

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇–၄–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းရောဂါအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၅ ၈။ ခါသင်္ကြန်အဆိုအကများ
- ၇:၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းရောဂါအစွမ်း
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၃၅ ၇။ ခါသင်္ကြန်အဆိုအကများ
- ၄:၄၀ ၈။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၉။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၂၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မြက်ခင်းစိမ်းနဲ့ အိမ်ကလေး” (အပိုင်း–၁၄)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ Goals Show
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပါရမီရှင်သိုင်းလုလင်” (အပိုင်း–၂၉)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ပြည်ပအားကစားသတင်း

ဧပြီ ၅ရက်က အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပသော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အာဆင်နယ်အသင်းမှ ဖက်ဘရီဂတ်စ် ဂျူဗင်တပ်စ်အသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျူဗင်တပ်စ်အသင်းနှင့်သရေကျသော်လည်း အာဆင်နယ်အသင်း အကြိုဗိုလ်လုပွဲတက်

တူရင် ဧပြီ ၆

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ဘောလုံးပြိုင်ပွဲကို အီတလီနိုင်ငံတူရင်မြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပရာ အိမ်ရှင်ဂျူဗင်တပ်စ်အသင်းနှင့် အင်္ဂလန်မှအာဆင်နယ်အသင်းတို့ ဂိုးမရှိ သရေကျခဲ့ကြသည်။ စတေဒီယိုဒယ်အယ်လ်ပီ အားကစားကွင်းတွင် ကျင်းပသည့် ယင်းပွဲတွင် သရေကျသော်လည်း အာဆင်နယ်အသင်းသည် နှစ်ပွဲပေါင်း ရလဒ် ၂-၀ဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် ၎င်း၏သမိုင်းကြောင်းတွင် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ အဆင့်သို့တက်ရောက်နိုင်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းတွင်ပွဲပယ်ခံထားရသော ပက်ထရစ်ဗီယာရာ၊ ဂျိုနသန်ဇီဘီနာ နှင့် မော်ရိုကမ်မိုရာနီဆီတို့ ပါဝင်ကစားနိုင်ခြင်းမရှိပေ။ သို့ရာတွင် မန်နေဂျာဖာဘီရို ကာပယ်လိုက ပြန်လည်ပါဝင်လာမည့် ချက်လူမျိုးကွင်းလယ်ကစားသမား ပါဗယ်လ်နက်ဗက်ကို အားဖြည့်နိုင်မည်ဟုမျှော်လင့်ခဲ့သည်။

ပထမအကျော့တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသော အာဆင်နယ်အသင်းသည် ယခုပွဲတွင် တစ်ဖက်အသင်း၏ ခြိမ်းခြောက်မှုကို မခံရဘဲကစားသွားနိုင်သည်။ အာဆင်နယ်အသင်းသည် ပွဲကစားစဉ်အတွင်း အကြိမ်ပေါင်းများစွာပင် ဂျူဗင်တပ်စ်အသင်း၏ နောက်တန်းကို ဖြိုခွဲနိုင်ခဲ့သည်။ ပွဲချိန်၇၇မိနစ်တွင် ဂျူဗင်တပ်စ်အသင်းမှ ပါဗယ်လ်နက်ဗက်ထုတ်ပယ်ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲကျင်းပ အကြိုဗိုလ်လုပွဲအဆင့်သို့ ဘာစီလိုနာတက်လှမ်း

ဘာစီလိုနာ ဧပြီ ၆

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ဘောလုံးပြိုင်ပွဲကို စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပရာ ဘာစီလိုနာအသင်းက ပေါ်တူဂီနိုင်ငံမှဘင်ဖီကာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် အကြိုဗိုလ်လုပွဲတွင် အေစီမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နှစ်အလိုက်ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိထားသူ ရိုနယ်လ်ဒင်ဟိုသည် အစောပိုင်းတွင် ပြစ်ဒဏ်ဘောကန်သွင်းခဲ့ရာ လွဲချော်ခဲ့သော်လည်း ပွဲချိန် ၁၉မိနစ်တွင် ဆမ်မြူယယ်အီတိုးဖြတ်ပို့ပေးလိုက်သောဘောလုံးမှတစ်ဆင့် ဘာစီလိုနာအသင်းအတွက် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ရိုနယ်လ်ဒင်ဟို၏ဂိုးဖြင့် ပထမပိုင်းတွင်ဘာစီလိုနာအသင်းက ဦးဆောင်ကစားနေခဲ့သော်လည်း ဘင်ဖီကာအသင်းက ကြံ့ကြံ့ခံကစားနေမှုကြောင့် နောက်ထပ် ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပေ။

သို့ရာတွင် ပွဲပြီးရန်နှစ်မိနစ်မျှသာ လိုတော့ချိန်တွင် အီတိုးက နောက်ထပ်တစ်ဂိုးသွင်းယူနိုင်ခဲ့ရာ ဘာစီလိုနာအသင်းက ပီပီပြင်ပြင်အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည်ဘင်ဖီကာအသင်းကို နှစ်ပွဲပေါင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် ဘောလုံးရာသီ ခုနစ်ရာသီအတွင်း အကြိုဗိုလ်လုပွဲအဆင့်သို့ တတိယအကြိမ်ရောက်ရှိခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သီရိလမ်းနှင့် ဩဘာလမ်းထောင့်ရှိ ဓမ္မရက္ခိတဓမ္မာရုံတွင်(၆၉)ကြိမ်မြောက် ဆွမ်းတော်ကြီးတင်လှူပွဲ နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်ခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ဧပြီ၂ရက်ကကျင်းပရာ တက်ရောက်လာသောအလှူရှင်များနှင့် ဧည့်သည်တော်များ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမ(သဒ္ဓမ္မဇောတိကဓဇ)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (က-ပ)

ဇမ္ဗူအေးရိပ်သာ ၁၀ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၆

မကွေးမြို့ မြသလွန်ဘုရားအနီး ဇမ္ဗူအေးရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝိပဿနာ ၁၀ ရက် စခန်းပွဲကို ဧပြီ၁၁ရက်မှ ၂၁ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆင်တောင် ဆရာတော် ဦးဓမ္မာစာရကိုယ်တိုင် ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်မည့် ယောဂီများနှင့် လှူဒါန်းလိုသူ အလှူရှင်များသည် ဇမ္ဗူအေးရိပ်သာ ဖုန်း ၀၆၃-၂၃၄၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

တွံတေးမဟာစည် သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း တွံတေးမြို့ မင်းပိုင်း မဖေဒါရပ်ကွက် နန်းတော်ကုန်းစာသင်တိုက် မဟာစည်ရိပ်သာ ပဓာနနာယကသာသနဓဇ အဓိုးရဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် အကျိုးဆောင်အဖွဲ့က ကြီးမှူး၍ ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ခုနစ်ရက်တရားစခန်းပွဲကို မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ ၁၁ ရက် ညနေအရောက် ကြွရောက်ရန်နှင့် ဖုန်း ၀၄၅-၅၀၃၆၈ သို့ ကြိုတင်ဆက်သွယ်နိုင်ရန် နှိုးဆော်ထားသည်။ (၀၄)

ရတနာနှင့် ဆဋ္ဌဂံ ရုပ်ရှင်ကားများ ဆက်လက်ရုံတင်ပြသနေ

ရုပ်ရှင်

ရန်ကုန် ဧပြီ ၆

ယခုသောကြာပတ်တွင် ရုပ်ရှင်ဓာတ်ကားသစ်မဝင်ဘဲ ပြသဆဲရုပ်ရှင်ဓာတ်ကားများသာ ပြသလျက်ရှိသည်။

ရတနာ

ပြသဆဲ မြန်မာရုပ်ရှင်ဓာတ်ကားများအနက် ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ဖိုးသောကြာ၊ ပုလဲဝင်း၊ ဇာဂနာ၊ ဇော်ဦး၊ သန်းသန်းစိုးနှင့် ဝိုင်းစုခိုင်သိန်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် "ရတနာ"ဆေးရောင်စုံဓာတ်ကားသည် သမ္မတနှင့် သွင်ရုပ်ရှင်ရုံတို့၌ ဆက်လက်ပြသနေသည်။

အယူသီးပြီး ဆင်ခြင်တုံတရားနည်းပါးသော ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားမှ အရုပ်ဆိုး အကျည်းတန်သော မိန်းကလေးတစ်ဦး၏ အဖြစ်ကို ရုပ်လုံးဖော်ရိုက်ကူးထားသည့်ဓာတ်ကားဖြစ်သည်။

အရုပ်ဆိုး အကျည်းတန်သူ မအိုဇာအဖြစ် ထွန်းအိန္ဒြာဗိုက ကျရာဇာတ်ရုပ်ကို ပီပြင်စွာ သရုပ်ဆောင်ထားသည်။ မအိုဇာ၏ ခင်ပွန်း ဆွံ့အနေသူ ဦးကံဆုံအဖြစ် ကျော်သူ၊ ၎င်းတို့၏ သမီးမဆစ်တိုအဖြစ် ပုလဲဝင်း၊ မဆစ်တို၏ချစ်သူ ကိုသက်ထွန်းအဖြစ် ဖိုးသောကြာတို့က ဇာတ်ရုပ်နှင့် ဇာတ်ကွက် လိုက်ဖက်အောင် ပါဝင်ပံ့ပိုးအားဖြည့်ပေးထားကြသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အိအိခိုင်က ရိုက်ကူးထားသည်။

ဆဋ္ဌဂံ

ရှေ့ဆောင်ရုံတွင် ကိုယ်ဝန်ဆောင်မိခင်လောင်းများ၏ ဘဝတစ်စိတ်တစ်ပိုင်းကို ဖော်ကျူးရိုက်ကူးထားသည့် "ဆဋ္ဌဂံ"ဆေးရောင်စုံဇာတ်ကား ပြသနေသည်။ အဆိုပါဇာတ်ကားတွင် လွင်မိုး၊ ဝေဠုကျော်၊ သျှားညို၊ လှျမ်းထက်၊ ရွှေသွေး၊ ချမ်းသာကြည်စိုး၊ ထွန်းထွန်းဝင်း၊ သုမောင်၊ ထွန်းအိန္ဒြာဗို၊ မြင့်မြင့်ခိုင်၊ စိုးမြတ်နန္ဒာ၊ ခင်ဇာခြည်ကျော်၊ မျိုးသန္တာ ထွန်းနှင့် ဆုရှန်းလဲ့တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

နိုင်ငံခြားရုပ်ရှင်ဓာတ်ကားများအဖြစ် မင်္ဂလာ အဆင့်မြင့် ရုပ်ရှင်ရုံတွင် ဂျန်ဒေါင်ဂန်၊ စီစီလျာချန်း၊ ဟီရိုယူကီဆာနာဒါ၊ နီကိုလတ်စ်စီနှင့် ကိုရီးယားမင်းသား ဒါရိုက်တာ ရင်ပါဝင်သည့် The Promise ဓာတ်ကား ပြသနေသည်။

မြို့မရုပ်ရှင်ရုံတွင် Maine Pyaar Kyun Kiya အမည်ရှိ အိန္ဒိယ ရုပ်ရှင်ဓာတ်ကား ပြသနေသည်။

ရွှေဂုန်ရုပ်ရှင်ရုံ အပေါ်ထပ်တွင် ဂျိမ်းစ်ဘွန်းမင်းသား ပါဝင်သည့် Octopussy ဓာတ်ကားနှင့် ၎င်းရုပ်ရှင်ရုံ မြေညီထပ်တွင် အိန္ဒိယဓာတ်ကား Maine Dil Tujhko Diya ဓာတ်ကား ပြသလျက်ရှိသည်။

နေပြည်တော်ရုပ်ရှင်ရုံတွင်မူ သည်းထိတ်ရင်ဖိုရုပ်ရှင်ဓာတ်ကားတစ်ကားဖြစ်သည့် The Cave ဓာတ်ကား ပြသနေသည်။

(ကြေးမုံ)

သမ္မတနှင့် သွင်ရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသနေသည့် ရတနာဓာတ်ကားမှ ထွန်းအိန္ဒြာဗိုနှင့် ပုလဲဝင်းတို့၏ သရုပ်ဆောင်ပုံကိုတွေ့ရစဉ်။

ထားဝယ်ရိုးရာ သင်္ကြန်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ရိုးရာသင်္ကြန်(ရေးဇီမှန်း)နှင့် ရိုးရာမုန့်မျိုးစုံကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက် ၈ နာရီမှ ၁၀နာရီအထိအမှတ်(၈၂၈) မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ် ထားဝယ်အသင်းတွင်ကျင်းပမည်ဖြစ်ရာထားဝယ်သူ၊ ထားဝယ်သားများနှင့် မိတ်ဆွေသင်္ဂဟများ ကြွရောက်ချီးမြှင့်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။(ကြေးမုံ)

ထူးခြားသည့် နေ့အပူချိန်များ

၆-၄-၂၀၀၆

မကွေး

၄၂ဒီဂရီစင်တီဂရိတ်
(၁၀၈ဒီဂရီဖာရင်ဟိုက်)

မင်းဘူး

၄၁ဒီဂရီစင်တီဂရိတ်
(၁၀၆ဒီဂရီဖာရင်ဟိုက်)

ကံစမ်းမဲ ဖွင့်ပွဲနှင့် ရောင်းအားအကောင်းဆုံးဆုပေးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၆

Apple Cosmetic ၏ ဒုတိယအကြိမ် Topsyne ဆေးမိတ်ကပ်၏ ပဋ္ဌမအကြိမ် ကံစမ်းမဲဖွင့်ပွဲ နှင့် အရောင်း ကိုယ်စားလှယ်များအား ရောင်းအားအကောင်းဆုံး ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ပန်ဒါဟိုတယ်ပုလဲခန်းမ၌ ကျင်းပရာ Apple Cosmetic မှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များ၊ စာနယ်ဇင်းမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

Apple Cosmetic ၏ ဒုတိယအကြိမ် Topsyne ဆေးမိတ်ကပ်၏ ပဋ္ဌမအကြိမ်ကံစမ်းမဲဖွင့်ပွဲနှင့် အရောင်းကိုယ်စားလှယ်များအား ရောင်းအားအကောင်းဆုံးဆုပေးပွဲတွင် ဒါရိုက်တာ ဦးခင်ညွှန့်က ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အရှေ့ဖျားအလှ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးနေသော Apple Cosmetic ၏ နည်းပညာသစ်၊ အလှဖန်တီးပစ္စည်းများဖြစ်သည့် Apple Medicated Cream(မိတ်ကပ်) Apple Pimple Cream (ဝက်ခြံပျောက် ခရင်မ်)၊ Apple တင်းတိတ်ပျောက် ခရင်မ်၊ မျက်နှာ ပေါင်းတင် Mask ၊ ခရင်မ်ပတ်အမျိုးမျိုး၊ မျက်နှာ ရွှေသွင်းဂျယ်၊ ရှမ်ပူအမျိုးမျိုး၊ ဆံပင်ဆိုးဆေးနှင့် Skin Care တို့ကို မန်နေဂျင်း ဒါရိုက်တာ ဒေါ်လီလီက မိတ်ဆက်ပေးပြီး ဒါရိုက်တာ ဦးခင်ညွန့်နှင့် ဒါရိုက်တာ ဒေါ်လဲ့လဲ့လျှံတို့က ရောင်းအား အကောင်းဆုံးဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် Apple Cosmetic ၏ ဒုတိယအကြိမ်နှင့် Topsyne ဆေးမိတ်ကပ်၏ ပဋ္ဌမအကြိမ် ကံစမ်းမဲဖွင့်ပွဲကို ရုပ်ရှင် ဗီဒီယို သရုပ်ဆောင်များနှင့် ခေတ်ပေါ်တေးသံရှင်များက ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကော်ဖီခြံလုပ်ငန်းများကြည့်ရှု၊ ခရိုင်ချင်းဆက်လမ်းဖောက်လုပ်မှုစစ်ဆေး

နေပြည်တော်မြို့တော် ဧပြီ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၃ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့နယ် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကျောက်တိုင် ကော်ဖီခြံခွဲသို့သွားရောက်ရာ ရှေးဦးစွာ တောင်ငူမြို့နယ် ကျောက်တိုင် ကော်ဖီခြံခွဲ အစည်းအဝေးခန်းမ၌ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ခြံမန်နေဂျာ ဦးထိုက်က ၂၀၀၅-၂၀၀၆ ခုနှစ် ပဲခူးတိုင်း တောင်ငူခရိုင်တွင် ကော်ဖီသီးနှံ ၇၅၃ ဧကနှင့် ကရင်ပြည်နယ် သံတောင်မြို့နယ်တွင် ၇၃၂၇ ဧက စိုက်ပျိုးနိုင်မှု၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် တောင်ငူမြို့နယ်၌ ကော်ဖီ ၁၈၄ ဧက၊ သံတောင်နှင့် သံတောင်ကြီးမြို့နယ်တို့၌ ကော်ဖီ ၆ ဒသမ ၉၆ ဧက တိုးချဲ့မည့် အခြေအနေများကိုလည်း ကောင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တွံတေးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာခန်းမ ဖွင့်ပွဲတက်ရောက် တွံတေးတံတား တည်ဆောက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ မိဘဂုဏ်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေးကာ တွံတေးတံတား ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းမှ ရေယာဉ်ဖြင့်ထွက်ခွာလာကြရာ ဒလမြို့သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၇ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့ရှိ မိဘဂုဏ် ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ မိဘဂုဏ်ခန်းမဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိဘဂုဏ် ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✻



ကြေးမုံ The Mirror အင်တာနက်သတင်း

နေအိမ်တိုင်းတွင် စက်ရုပ် တစ်ရုပ်စီရှိရေး တောင်ကိုရီးယားနိုင်ငံတွင် စီမံကိန်းချမှတ်

လုံခြုံရေးလုပ်ငန်းများတွင် စက်ရုပ်များကို အသုံးပြုနိုင်ရန် စက်ရုပ်ထုတ်လုပ်ရေးပညာရှင်များက မျှော်မှန်းထားသည်။ ပုံတွင် လုံခြုံရေးစက်ရုပ်တစ်မျိုးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆိုးလ် ဧပြီ ၆

တောင်ကိုရီးယားနိုင်ငံတွင် ၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ နေအိမ်တိုင်းတွင် စက်ရုပ် တစ်ရုပ်စီရှိရန် မိမိတို့ ရည်မှန်းချက်ထားရှိကြောင်း တောင်ကိုရီးယား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံရှိ နေအိမ်တိုင်းတွင် စက်ရုပ်တစ်ရုပ်စီရှိရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ကုမ္ပဏီ ၃၀ ကျော်နှင့် သိပ္ပံပညာရှင် ၁၀၀၀ ကို မိမိတို့ဝန်ကြီးဌာနက စုစည်းထားရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

စက်မှုလုပ်ငန်းသုံး စက်ရုပ်များအဖြစ်သာမက နေအိမ်သုံး စက်ရုပ်များအထိ တီထွင်ထုတ်လုပ်နိုင်ရန် စက်ရုပ်ထုတ်လုပ်ရေးကုမ္ပဏီများက အပြိုင်အဆိုင်ကြိုးပမ်းလာကြသည်။ ပုံတွင် ဖျော်ဖြေရေးစက်ရုပ်တစ်မျိုးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယနေ့မိုးလေဝသ

(၇-၄-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။